ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ (27-9-2006) (၅၀၉၃)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဂျပန်နိုင်ငံ ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခံရသူထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်   စက်တင်ဘာ   ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဂျပန်နိုင်ငံ ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခန့်အပ်ခြင်းခံရသော မစ္စတာ ရှင်ဇိုအာဘေးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ရထားစီးခရီးသည်များအတွက် သက်သောင့်သက်သာရှိပြီး အဆင့်အတန်းရှိသောလူစီးတွဲများနှင့် ခိုင်ခံ့သောကုန်တွဲများကို စက်ရုံက လုံးလုံးလျားလျားတည်ဆောက်ထုတ်လုပ်နိုင်ရန် တိုးချဲ့စီမံ ကိုယ်ပိုင်အတွေ့အကြုံနှင့် အတတ်ပညာရှိပြီးဖြစ်၍ တွဲများကို အကြီးစားပြင်ဆင်မွမ်းမံရုံမက တွဲသစ်များကို မိမိတို့စက်ရုံအတွင်း၌ပင် အစအဆုံး ထုတ်လုပ်သွားနိုင်သင့်ပြီ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဒီဇယ်စက်ခေါင်းစက်ရုံ ရှာထောင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (အပေါ်ပုံ)   (သတင်းစဉ်)

နေပြည်တော်   စက်တင်ဘာ   ၂၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် စက်တင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း အမရပူရမြို့နယ်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ မြစ်ငယ်ကို လည်းကောင်း၊ စက်တင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ်ရှိ ဒီဇယ်စက်ခေါင်းစက်ရုံ ရှာထောင်ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ရောက်ရှိစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီခွဲတွင် လူစီးတွဲနှင့် ကုန်တွဲစက်ရုံ မြစ်ငယ်သို့ ရောက်ရှိစစ်ဆေးသည်။

ရှေးဦးစွာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက လူစီးတွဲနှင့် ကုန်တွဲစက်ရုံ မြစ်ငယ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အထွေထွေမန်နေဂျာ ဦးထွန်းဦးက စက်ရုံ၏ မူလတာဝန်ဝတ္တရားများနှင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ချက်များ၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စက်ရုံသို့ ရောက်ရှိစဉ် လမ်းညွှန်မှာကြားချက်များနှင့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး	✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး	✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး	✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

27-9)01.P65   1   1/12/32, 12:58 PM

ကြေးမုံ
The Mirror
၂၇-၉-၂၀၀၆
(ဗုဒ္ဓဟူးနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လျှပ်စစ်ဓာတ်အားစီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေး ကြိုးပမ်း

မြန်မာနိုင်ငံသည် ရေသယံဇာတကြွယ်ဝသောနိုင်ငံဖြစ်ရာ ရေအရင်းအမြစ် ဖြစ်တည်မှုအခြေအနေပေါ်တည်မှီ၍ လျှပ်စစ်စွမ်းအားစီမံကိန်းကြီးများ၊ အလတ်စား၊ အငယ်စားစီမံကိန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိသည်။ လျှပ်စစ်ဓာတ်အား တိုးမြှင့်ရရှိရေးအတွက် ရေအားလျှပ်စစ်စီမံကိန်းများကို တည်ဆောက်လျက်ရှိပြီး ရဲရွာ၊ ကွန်းချောင်း၊ ဖြူးချောင်း၊ ခပေါင်း၊ ရဲနွယ်၊ ရွှေကျင်၊ ရွှေလီ၊ ကျိုင်းတောင်းစသည့် ရေအားလျှပ်စစ်စီမံကိန်းများဖြစ်သည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁ မိုင်အကွာ ရဲ-ယမန်းကျေးရွာအနီး မြစ်ငယ်မြစ်ပေါ်တွင် အကောင်အထည်ဖော်လျက်ရှိသည်။ ခေတ်မီ စက်ယန္တရားများ၊ စက်ကိရိယာများ အသုံးပြု၍ အလျားပေ နှစ်ထောင်ကျော်ရှည်သည့် ကွန်ကရစ်တမံအမျိုးအစား ပင်မတမံကြီးကို တည်ဆောက်လျက်ရှိသည်။

ယခုအခါ တည်ဆောက်ရေးလုပ်ငန်းများ ၃၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး စီမံကိန်းကြီးပြီးစီးပါက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၉၀ ထုတ်လုပ်၍ ဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်သည်။

ထိုနည်းတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့၏ အနောက်တောင်ဘက် ၁၇ မိုင်ခန့်အကွာ ရွှေလီမြစ်ပေါ်တွင် ရွှေလီရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကုမ္ပဏီများနှင့် ပူးပေါင်းလုပ်ကိုင်လျက်ရှိသည်။

ရွှေလီရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ ၃၈ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ရာ စီမံကိန်းပြီးစီးပါက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀၀ ခန့် ထုတ်လုပ်၍ ရွှေလီ-မန်စံ-ရွှေစာရံကေဗွီဓာတ်အားလိုင်း သွယ်တန်းကာ ဘဲလင်းဓာတ်အား ခွဲရုံမှတစ်ဆင့် ဓာတ်အားဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

နိုင်ငံ၏ ကုန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး ဖော်ဆောင်ရာတွင် လျှပ်စစ် စွမ်းအားသည် အဓိက ဆက်စပ်အရေးပါလျက်ရှိသည်။ ယနေ့အချိန်အခါတွင် ပြည်သူများ၏ လူနေမှုအဆင့်အတန်း ပြောင်းလဲတိုးတက်လာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အားလိုအပ်ချက်သည်လည်း မြင့်မားလာခဲ့သည်။

သို့ဖြစ်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးနှင့် ဓာတ်အားဖြန့်ဖြူးရေးစီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေး ကြိုးပမ်းအားထုတ်ဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ စက်မှုကဏ္ဍအပါအဝင် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပေသည်။ ။

အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ သီတင်းသုံးတော်မူရန် အသစ်ဆောက်လုပ်မည့် သုံးထပ်ဆောင်ကျောင်းတော်ကြီးနှင့် အုတ်တံတိုင်းတစ်ခန်းအတွက် မန္တလေးမြို့ အောင်မြေမြို့နယ် မဟာမြိုင်ရပ်ကွက်နေ မိဘများဖြစ်ကြသော ဦးခင်မောင်ရွှေ-ဒေါ်သန်းမြင့်တို့အား ရည်စူး၍ သား ဦးဝင်းနိုင်၊ ညီမ ဒေါ်နှင်းနွယ်အေး၊ သမီး မအေးသီတာ၊ သားမောင်ရဲရင့်အောင် မိသားစုတို့က အလှူတော်ငွေကျပ် ၂၅၀၀၀၀ ကို ကျောင်းတော်ကြီးဖြစ်မြောက်ရေး ဥက္ကဋ္ဌ ဦးရာဇိန္ဒ၊ အထွေထွေအတွင်းရေးမှူး အရှင်ဥက္ကဋ္ဌ(မြစ်ကျိုး)နှင့် အရှင်မာမက (ဘဏ္ဍာရေးမှူး)တို့၏ ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)



စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ ညောင်တုန်းရေနံနှင့်သဘာဝဓာတ်ငွေ့ မြေ၏ တွင်းသစ် အမှတ် (၃၆)၌ တွင်းတူးဖော်ပြီးစီးမှုနှင့် သဘာဝဓာတ်ငွေ့များ မီးရှို့စမ်းသပ်ခြင်းတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၆

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ညောင်တုန်းဒေသရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေသို့ သွားရောက်ကြည့်ရှု စစ်ဆေးရာ ရှေးဦးစွာ ရှင်းလင်းဆောင်၌ ရေနံမြေအထွေထွေမန်နေဂျာ ဦးအေးမြင့်က ညောင်တုန်းရေနံမြေ၏ လက်ရှိတူးဖော်ထုတ်လုပ်နေမှု အခြေအနေများကို လည်းကောင်း၊ အင်ဂျင်နီယာချုပ် (တူးဖော်ရေး) ဦးစံသိန်းက တွင်းသစ်အမှတ်(၃၆)ကို အောင်မြင်စွာ တူးဖော်ဆောင်ရွက်ခဲ့မှုနှင့် လက်ရှိထုတ်လုပ်နေမှု အခြေအနေတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက ညောင်တုန်းဒေသ၌ တွင်းသစ်များ ဆက်လက်တူးဖော်သွားနိုင်ရေး၊ ဘူမိအနေအထား ဆက်စပ်လျက်ရှိသည့် မအူပင်ဒေသ၌ ရှာဖွေရေးတွင်းသစ်များ တူးဖော်စမ်းသပ်သွားနိုင်ရေးတို့ကို မှာကြားသည်။

ရွေးချယ်သတ်မှတ်

ဆက်လက်၍ တာဝန်ရှိသူများက ဘူမိဗေဒ၊ ဘူမိရူပဗေဒဆိုင်ရာ အချက်အလက်များကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက မအူပင်တောင်ပိုင်းဒေသ၌ ရှာဖွေရေး တွင်းသစ်များ တူးဖော်ရန်အတွက် အလားအလာ ကောင်းသောနေရာများတွင် တွင်းနေရာ ရွေးချယ်သတ်မှတ်ပေးပြီး တွင်းတူးစက်နေရာချထားမှု အစီအစဉ်များ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးရေး ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကို အသေးစိတ်မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် တွင်းတူးဖော်ရေး အောင်မြင်စွာ ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ပြီး တွင်းသစ်အမှတ် (၃၆)သို့ သွားရောက်ကာ တွင်းတူးဖော်ပြီးစီးမှုနှင့် ထုတ်လုပ်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ တွင်းသစ်မှ သဘာဝဓာတ်ငွေ့ ကုဗပေ လေးသန်းကျော်နှင့် လေဆီ (Condensate) (၅၅) စည်တို့ကို နေ့စဉ်ထုတ်လုပ်လျက်ရှိသည်။

ယင်းနောက် ဝန်ကြီးသည် ပန်းတနော်မြို့နယ် ကျုံတုန်းကလေး၊ တလိုင်းစုကျေးရွာအနီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းက ဆောင်ရွက် လျက်ရှိသော ညောင်တုန်း-သာပေါင်း ၁၀ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိရာ ညွှန်ကြားရေးမှူး (အင်ဂျင်နီယာလုပ်ငန်း) ဦးသန်းထွတ်က ပိုက်ဆက်သွယ်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ပိုက်ဆက်သွယ်ရာတွင် ယခုကတည်းက စိတ်ချသေချာအောင် ဆောင်ရွက်ထားရှိရန် သတ်မှတ်ရက်အတွင်း အချိန်မီ ပြီးစီးအောင် ဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေရေးတို့ကို မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

မှာကြား

ဆက်လက်၍ ဝန်ကြီးသည် မအူပင်မြို့နယ် မအူပင်တံတားအနီးရှိ တွင်းတူးစက်နှင့် အကြီးစား စက်ယန္တရားများ သယ်ယူပို့ဆောင်ရန်အတွက် ဆိပ်ကမ်းမြေနေရာပြုပြင်နေမှု လုပ်ငန်းကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး စိန်မောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မအူပင်(တောင်)ဒေသ၌ ရေနံအစမ်းတွင်း တူးဖော်ရန်အတွက် တွင်းနေရာ ပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးအား လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက အစမ်းတွင်းနေရာ ပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက် ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ပြည်တွင်းသုံးစွဲမှု ဖူလုံစေရေးအတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့ မြေအသစ်များ ရှာဖွေသွားကြရန်နှင့် အကြံဉာဏ်အသစ် နည်းပညာ အသစ်များဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားကာ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာဟာရဖွံ့ဖြိုးရေး ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၆

ရန်ကုန်တိုင်း အနောက်ပိုင်းခရိုင်၊ ကမာရွတ်မြို့နယ် (၄)ရပ်ကွက်၊ သဘော်ကျင်းဝင်းအတွင်းရှိ မူကြိုကျောင်းရှိ စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဆောင်ရွက်ခဲ့ရာ ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီနီစိန်နှင့် အဖွဲ့သည် ကမာရွတ်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိန်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များက ကိုယ်ဝန်ဆောင်မိခင် ၂၅ ဦးအား သံဓာတ်ဆေးပြားများ ဝေငှခြင်း၊ အိုင်အိုဒင်း ပါဝင်မှု ပမာဏစစ်ဆေးခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်း၊ ငါးနှစ်အောက် ကလေးငယ် ၆၀ အား ဗီတာမင်(အေ) တိုက်ကျွေးခြင်း၊ အာဟာရ တိုက်ကျွေးခြင်းများ **(အပေါ်ဝဲပုံ)** ဆောင်ရွက်ပေးသည်။ (မိခင်/ကလေး)

ရှောင်လေ ဝေးဝေး မူးယစ်ဆေး

ဘက်စုံအသုံးဝင် ခြံစည်းရိုးကြက်ဆူပင်

နွန်းနွန်းနော် (ရှမ်းအရှေ့)

"ပျိုးခြံထဲမှာ တကုပ်ကုပ်နဲ့ ဘာများ လုပ်နေတာလဲ၊ ပျိုးအိတ်တွေလဲ အများကြီးပါလား"

"ခြံစည်းရိုးကြက်ဆူမျိုးစေ့တွေ ပျိုးထောင်နေတယ် ညီမရေ"

"ဘာအကျိုးရှိလို့လဲ အစ်မ"

"ဒါက တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်နေတဲ့ လုပ်ငန်းလေ၊ လုံလောက်တဲ့ပျိုးပင်ရရှိရေး၊ စိုက်သမျှဖြစ်ထွန်းရေး၊ ရည်မှန်းချက်စိုက်ဧကပြည့်မီရေး အလေးထားဆောင်ရွက်ရမယ်ဆိုတာ နိုင်ငံသားတိုင်းရဲ့ ခံယူချက်ဖြစ်ရမယ်လေ"

"ကဲပါ၊ အရှုံးပေးပါတယ်။ ညီမကိုလဲ နည်းနည်းပါးပါး ရှင်းပြပါဦး"

"ဒီလိုလေ အစ်မတို့နိုင်ငံမှာ စက်သုံးဆီကို ပြည်ပကနေ လစဉ်ဝယ်ယူနေရတယ်လေ၊ နိုင်ငံခြားငွေ ချွေတာဖို့ရယ်၊ အခုနေအခါမှာ ကမ္ဘာပေါ်မှာ လောင်စာဆီရှားပါးမှု၊ ပြတ်လပ်မှု ပြဿနာကို ကျော်လွှားနိုင်ဖို့အတွက် အထောက်အကူအများကြီးပေးမယ့် ဒီခြံစည်းရိုးကြက်ဆူကို ဝိုင်းဝန်းပျိုးထောင်နေရပါတယ်"

"ဆိုပါဦး အစ်မရေ"

"နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်မှာ ပြင်ဦးလွင်မြို့ကို ရောက်ရှိစဉ်က တာဝန်ရှိသူတွေနဲ့တွေ့ဆုံပြီး တိုင်းနဲ့ပြည်နယ် တစ်ခုစီမှာ ခြံစည်းရိုးကြက်ဆူပင် ဧကေါ်သိန်းစီ သုံးနှစ်အတွင်း စိုက်ပျိုးဖို့၊ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဧကခုနစ်သန်းစိုက်ပျိုးဖို့ လမ်းညွှန်မှာကြားသွားတာကို အစ်မတို့ မှတ်သားလိုက်နာရပါတယ်"

"အစ်မတို့ ကျိုင်းတုံမြို့နယ် စည်ပင်အဖွဲ့ကရော ဘယ်လောက်စိုက်ရမယ်တဲ့လဲ"

"ပထမနှစ်မှာ ဧက ၅၀၊ ဒုတိယနှစ်မှာ ဧက ၈၀၊ တတိယနှစ်မှာ ဧက ၁၁၀၊ သုံးနှစ်အတွင်းမှာ ဧက ၂၄၀ ကို မြို့နယ်အတွင်းမှာ စိုက်ပျိုးပြီးသားဖြစ်ရပါမယ်"

"တစ်ဧကမှာ အပင်လေးတွေ ဘယ်လောက်စိုက်ပျိုးရမလဲ"

"တစ်ဧကကို အပင် ၁၂၀၀၊ ဧက ၅၀ ဆိုတော့ ပထမနှစ်မှာ ပျိုးပင်ပေါင်း ၆၀၀၀၀၊ ဒုတိယနှစ်မှာ ပျိုးပင်ပေါင်း ၉၆၀၀၀၊ တတိယနှစ်မှာ ပျိုးပင်ပေါင်း ၁၃၂၀၀၀ပျိုးထောင်ရပါမယ်၊ သုံးနှစ်အတွင်း ကြက်ဆူပင်ပေါင်း ၂၈၈၀၀၀ စိုက်ပျိုးရှင်သန်ပြီးသား ဖြစ်ရပါမယ်၊ အမှန်တကယ်အကျိုးဖြစ်ထွန်းမှာမို့ တစ်ပြည်လုံး ဒေသအနှံ့စိုက်ပျိုးနေကြပြီလေ"

"အမှန်တကယ် အကျိုးများတယ်ပေါ့"

"လေ့လာစမ်းသပ်မှုတွေက အမှန်တကယ် အဖိုးတန်အကျိုးများပါတယ်။ ရုပ်မြင်သံကြားမှာ သရုပ်ပြပွဲတွေ မြင်တွေ့ပြီးသားပဲ၊ တလောက မိုင်းခွန်ကျေးရွာမှာ စုပေါင်းပြီး ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲမှာ ထော်လာဂျီနဲ့ မီးစက်စမ်းသပ်မောင်းနှင်တာ မြင်တွေ့ခဲ့ပါတယ်။ ခုဆိုရင် ကြက်ဆူပင်ကို ခြံစည်းရိုးပင်၊ အလေ့ကျပေါက်ပင်လို့ သဘောထားလို့ မရတော့ဘူးလေ"

"ညီမတို့အေးတဲ့ဒေသထက် အပူပိုင်းမှာ ပိုဖြစ်ထွန်းတယ်ဆို"

"အပူ အအေးရယ်လို့ မဟုတ်ပါဘူး၊ အမြင့်ပေ ၅၀၀၀ ကျော်အထိ စိုက်ပျိုးလို့ ရတယ်တဲ့၊ အစ်မတို့မြို့က ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၂၇၁၀ပဲ ရှိပါတယ်။ ဟောဟိုမှာကြည့်လေ၊ ပျိုးပေါင်ကပျိုးကိုင်းတွေမှာ အညွှန့်အစိမ်းလေးတွေထွက်နေပြီ၊ ပျိုးအိတ်ကမျိုးစေ့တွေလဲ အပင်ပေါက်လေးတွေ ပြူထွက်နေပါပြီ၊ မျိုးစေ့ကို ရေနှစ်ညစိမ်ပြီးပျိုးတာ နှစ်ပတ်ကြာမှ အပင်ပေါက်တယ်။ နေ့တိုင်းတော့ ရေလောင်းပေးရပါတယ်"

"အေးလေ၊ ပျိုးခင်းကလဲ စိမ်းစိုနေတာပဲ၊ စိတ်ကြည်နူးစရာပဲ"

"ဘယ်လိုမြေမျိုးမှာမဆို စိုက်လို့ရတယ်။ ဒီအပင်မျိုးက အကြမ်းခံတယ်။ မြေညံ့မှာလဲ ဖြစ်ထွန်းပါတယ်။ ဒါပေမယ့် ဂရုစိုက်ပြီး ပြုပြင်ထားတဲ့မြေမျိုးမှာတော့ ပိုပြီးအဆင်ပြေတာပေါ့၊ ကိုင်းဖြတ်ကို မြေပေါ်တိုက်ရိုက်၊ ဒါမှမဟုတ် ပျိုးအိတ်ထဲ ပျိုးထောင်ထိုးစိုက်ရုံပဲ၊ စိုက်ရလွယ်ကူတယ်။ စိုက်ပျိုးစရိတ်မကုန်ဘူး၊ လုပ်အားတော့ လိုတာပေါ့လေ၊ ဘယ်မြေမျိုးမဆို ဆိုပေမယ့် ပျိုးတဲ့အချိန်မှာ သဲသုံးဆနဲ့ မြေဆွေးတစ်ဆရောထားတဲ့မြေမျိုးက ပိုကောင်းပါတယ်"

"နောက်ပြီးမိုးဦးမှာ စိုက်ခင်းထဲရွှေ့ပြောင်းစိုက်မယ်၊ စိုက်တဲ့အခါ တစ်ပေပတ်လည်အကျယ်၊ တစ်ပေအနက် ကျင်းတူးပြီး မြေဆွေးထည့်စိုက်ရမယ်၊ နှစ်လသားဆို ရွှေ့ပြောင်းစိုက်လို့ရပြီ၊ တခြားအပင်တွေနဲ့လဲ ရောနှောပြီး စိုက်နိုင်တယ်တဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ကြက်ဆူပင်ကကြွေကျတဲ့ အရွက်တွေက မြေဩဇာပြန်ဖြစ်တယ်လေ"

"အပင်ရဲ့သက်တမ်းကရော ဘယ်လောက်တဲ့လဲ"

"အပင်သက်တမ်းက နှစ် ၅၀ အထိတဲ့၊ အသီးအထွက်နှုန်းကောင်းတာက ခြောက်နှစ်ကနေ နှစ် ၃၀ အထိတဲ့ နှစ် ၃၀ကျော်ရင် အသီးအထွက်နှုန်း တဖြည်းဖြည်း လျော့သွားမယ်။ အဲဒီအချိန်မှာ ထင်းအဖြစ်သုံးရပါတယ်။ အပင်ရဲ့အမြင့်က ခြောက်ပေကနေ ၁၈ပေအထိရှိတယ်တဲ့၊ စိုက်ပျိုးပြီး ခြောက်လအကြာမှာ အစိမ်းရောင်သန်နေတဲ့ ခေါင်းလောင်း ပုံသဏ္ဍာန် အပွင့်ပွင့်မယ်၊ အသီးကလုံးပြီး အစိမ်းရောင်ရှိတယ်။ မှည့်လာရင် အဝါရောင်ကနေ အမည်းရောင်ပြောင်းသွားမယ်၊ ပင်စည်မှာ အခိုင်လိုက်သီးပြီး တစ်ခိုင်မှာ ငါးလုံးကနေ ၁၀ လုံးအထိရှိမယ်၊ ဒီဇင်ဘာလဆိုရင် ဆီကြိတ်လို့ရပြီလို့ မြို့နယ် စိုက်ပျိုးရေးပညာရှင်တစ်ဦးက ပြောတာ မှတ်သားမိပါတယ်"

"အပင်တွေကို သဘာဝမြေဩဇာ၊ ဒါမှမဟုတ် ဓာတ်မြေဩဇာ ကျွေးပြီး ရေလုံလုံလောက်လောက်လောင်းရင် တစ်နှစ်ပတ်လုံး အပွင့်ပွင့်၊ အသီးသီးမယ်၊ သုံးလေးလမှာ ခေါင်နှိမ့် ကိုင်းဖြတ်ပေးရင် ဘေးကိုင်းဖြာပြီး အသီးအထွက်နှုန်းလဲ တိုးမယ်လို့ သိရပါတယ်။ အဲဒီအချိန် စမ်းလုပ်ကြည့်ရမှာပဲ"

"သရက်သီးမှာ ရင်ကွဲ၊ မချစ်စု၊ စိန်တစ်လုံးဆိုပြီး အမျိုးကွဲရှိသလို ကြက်ဆူမှာကော ဘယ်နှမျိုးရှိပါသလဲ"

"ကြက်ဆူ နှစ်မျိုးနှစ်စားရှိပါတယ်။ Castor လို့ခေါ်တဲ့ကြက်ဆူ၊ အဲဒီ Castor ကနေ အင်ဂျင်ဝိုင်ထုတ်တယ်လို့သိရပါတယ်။ အခု အစ်မတို့စိုက်နေတာက Jatropha လို့ခေါ်တဲ့ ခြံစည်းရိုးကြက်ဆူပင် ဖြစ်ပါတယ်"

"ဘက်စုံရတာပေါ့နော်"

"ဘက်စုံပါပဲ၊ စိုက်ပျိုးရေးအတွက် ကြက်ဆူကြိတ်ဖတ်ထဲမှာ အပင်တွေအတွက် အာဟာရဓာတ်ဖြစ်စေတဲ့ နိုက်ထရိုဂျင်၊ ဖော့စဖိတ်၊ ပိုတက်တို့ပါဝင်တယ်။ ကြက်ဆူကြိတ်ဖတ်ဟာ နွားချေး၊ ကြက်ချေးတို့ထက် ပိုကောင်းတယ်လို့ စိုက်ပျိုးရေးပညာရှင်များက ပြောပါတယ်"

"ကျန်းမာရေးအတွက် ဆေးဝါးအဖြစ် သုံးတယ်။ စီးပွားရေးအတွက် ကြက်ဆူစေ့ရောင်းရင် ဝင်ငွေတိုးတယ်။ သယ်ယူပို့ဆောင်ရေးမှာ ထော်လာဂျီ၊ ထွန်စက်၊ ဒီဇယ်အင်ဂျင်မော်တော်ကားတွေ မောင်းနှင်နိုင်တယ်။ လူမှုရေးမှာ မီးစက်ထွန်းနိုင်တယ်။ ဘိုင်အိုဒီဇယ်မီးဖိုနဲ့ ထမင်းချက်နိုင်တယ်။ ကဲ–ဘာပြောချင်သေးလဲ"

"လိုရာသုံးလို့ရတာပေါ့နော်"

"ဒီဇယ်အင်ဂျင် မော်တော်ကားတွေ ကြက်ဆူဆီ တစ်ဂါလန်ကို ၂၃ မိုင်နှုန်းနဲ့ မောင်းနှင်နိုင်တယ်။ ၄၂ ယောက်စီး ဘတ်စ်ကားကြီးကို တစ်ဂါလန် ၁၀ မိုင်နှုန်းနဲ့ မောင်းနှင်နိုင်တာကို စမ်းသပ်ပြတာ လေ့လာသိရှိရပါတယ်"

"တကယ်တော့လဲ ကြက်ဆူဆီနဲ့ အင်ဂျင်စက်တွေမောင်းလို့ရတာ အညာဒေသက အတော်ကြာကြာကတည်းက သိပြီးဖြစ်ပါသတဲ့။ ရှေးက ကြက်ဆူစေ့ကို သွပ်နန်းကြိုးနဲ့သီပြီး မီးထွန်းတယ်လို့ သိရပါတယ်။

"အစ်မတို့ ပျိုးခြံမှာ ဘယ်လောက်ပျိုးထောင်ပြီးပြီလဲ"

"ဒီနေ့အထိတော့ ပျိုးအိတ်နဲ့ ၂၅၀၀၀၊ ပေါင်စိုက်ခင်းမှာ ကိုင်းဖြတ်ပျိုးကိုင်း ၂၃၀၀၀ စုစုပေါင်း ၄၈၀၀၀ ပျိုးထောင်ထားပြီးဖြစ်ပါတယ်"

"အစ်မပြောတော့ ဒီနှစ်အပင် ၆၀၀၀၀ ရှင်သန်အောင် စိုက်ရမယ်ဆို"

"ဒါပေါ့၊ ဒါ့ကြောင့် ပျိုးဥယျာဉ်ထဲက မထွက်နိုင်တာလေ၊ လျာထားချက်ထက် ကျော်လွန်အောင်လဲ ပျိုးထားရပါမယ်၊ ကြက်ဆူပင်လေးတွေ စိမ်းစိုနေတာကလဲ ရုံးဝန်ထမ်းတွေရဲ့ လုပ်အားအလှူပါပဲလေ"

"ညီမရေ၊ ဒေသရေမြေနဲ့ ကိုက်ညီတဲ့ အပင်က ရွေးနေရဦးမယ်၊ ကြက်ဆူက စိုက်သာစိုက်၊ ပျိုးသာပျိုး အောင်မြင်မှာ မုချပဲလေ၊ အစ်မလက်တွေ့ပါပဲ၊ အပင်တွေ စိမ်းနေတော့ မျက်စိပသာဒရှိတယ်။ အကျိုးများမယ်ဆိုတာသိနေတော့ စိတ်ချမ်းသာရပါတယ်။ အပင်တွေက အဆိပ်ငွေ့ဖြစ်တဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူတယ်။ လေကောင်းလေသန့်ဖြစ်တဲ့ အောက်စီဂျင် ပြန်ထုတ်ပေးတယ်။ ဆီမကြိတ်ရသေးပေမယ့် အကျိုးပြုနေပါပြီ"

"တခြားအပင်တွေကော မစိုက်တော့ဘူးလား"

"စိုက်ပျိုးထားပါတယ်။ စက္ကူပန်း၊ ခရားဝါ၊ ပန်းအိ၊ နွယ်သာကီ၊ စိန်တံချူတို့ကိုလဲ လျာထားချက် ပြည့်မီအောင် ပျိုးထားပါတယ်။ မြို့နယ်မှာ ပန်းတိုင်သီးနှံ ၁၀ မျိုးအပြင် ပျားလိမ္မော်၊ သရက်၊ တည်း၊ ရော်ဘာစတဲ့ အပင်တွေကိုလဲ ဒေသခံတွေက စိုက်ကြပါတယ်။ အစ်မတို့ ရုံးခန်းမ နောက်နဲ့ ရေပေးဝေတဲ့ ရေကန်နေရာတွေမှာ ချဉ်ပေါင်၊ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ဇူကာ စသည်တို့ကိုလဲ စိုက်ထားပါတယ်"

"ဒီလောက်များတဲ့ ပျိုးပင်တွေကို ဘယ်နေရာမှာများ သွားစိုက်ကြမလဲ"

"မိုးဦးကျတာနဲ့ ကျေးလက်ကနေ မြို့တက်လမ်းဘေးဝဲယာ၊ ခရိုင်ချင်းဆက်လမ်းဘေးဝဲယာ၊ အခြား မြေလွတ်မြေလပ်တွေမှာ စိုက်မှာပါ၊ လုပ်အားပဲ လိုပါတယ်"

"ဒါဆိုကြားကွက်လပ်မရှိ နွေမိုးဆောင်း ထာဝရ စိမ်းနေဦးမှာပေါ့"

"ဒါပေါ့၊ ကြက်ဆူရတနာများနဲ့ စိမ်းနေဦးမည့် ကျွန်မတို့မြေ ပါပဲရှင်' ဥတုရာသီတောကိုမှီ၍'တဲ့၊ သစ်ပင်မရှိရင် ရေမရ၊ သဲကန္တာရဖြစ်သွားမယ်၊ ရာသီဥတုဖောက်ပြန်မယ်၊'သစ်တောစိမ်းမှ စမ်းရေရ၏' ဆိုတဲ့ ဆောင်ပုဒ်လေးကို ဘယ်သူ လက်မခံဘဲနေမှာလဲ"

"ကဲ သီးပါပြီတဲ့၊ ဆီကြိတ်ဖို့ကိစ္စက"

"ဒါလဲစက်ကြီးမှ မဟုတ်ပါဘူး၊ ကျေးရွာစိုက်ခင်းက ကြက်ဆူစေ့တွေကို တောင်သူလယ်သမား တိုင်းရင်းသားတွေကိုယ်တိုင် ထုတ်လုပ်နိုင်ဖို့ လက်ကြိတ်စက်ကို တီထွင်ထားပြီးသားတဲ့၊ စက်မှုဇုန်များကလဲ စက်ငယ်သုံးမျိုးကို ထုတ်လုပ်ထားပြီးသားတဲ့"

ကြက်ဆူဆီရဲ့ အဓိကတန်ဖိုးက ကြိတ်ရတဲ့ဆီကို ဘာနဲ့မှရောစရာ မလို၊ ပြုပြင်စရာမလိုဘဲ အင်ဂျင်ထဲ တိုက်ရိုက်ထည့်ပြီး အသုံးပြုနိုင်တယ်လေ"

"၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့က ပြည်နယ်နဲ့မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးထားရှိမှုကို ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး လာရောက်ကြည့်ရှု စစ်ဆေးစဉ်က တာဝန်ရှိသူတွေနဲ့ တွေ့ဆုံရာမှာ ရုပ်မြင်သံကြားက ထုတ်လွှင့်တဲ့ ကြက်ဆူစိုက်ပျိုးရေးပညာပေးမှုများ ကြည့်ရှုမှတ်သား ဆောင်ရွက်ဖို့၊ စိုက်ပျိုးအပင်နဲ့ မျိုးစေ့များ ရှင်သန်အောင် အားထည့်ဆောင်ရွက်ဖို့၊ လျာထားချက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရေးနဲ့ အဖွဲ့ပိုင် ယာဉ်စက်ယန္တရားများကို ဘိုင်အိုဒီဇယ်နဲ့ အသုံးပြုနိုင်ရေး တီထွင်စမ်းသပ် ဆောင်ရွက်မည့် အစီအမံကို အလေးထား ကြိုးပမ်းဆောင်ရွက်ဖို့ မှာကြားသွားခဲ့ပါတယ်"

"ဒါဆိုရင် မြူနှင်းတွေဝေနေတဲ့ ဒီဇင်ဘာ ဆောင်းလကစပြီး အစ်မတို့ စိုက်တဲ့ အပင်ကရတဲ့ ကြက်ဆူဆီနဲ့ အမှိုက်သိမ်းကားကြီးတွေ မောင်းနှင်ပြီး တစ်လမ်းဝင်တစ်လမ်းထွက် မီးဖိုချောင်အမှိုက်များ သိမ်းပေးဦးမှာပေါ့နော်"

"ကြိုးစားရမှာပေါ့ကွယ်"

"တော်တော်ကြာသွားပြီ၊ ညီမ ပြန်လိုက်ပါဦးမယ်"

"အေးပါ၊ ညီမတို့အိမ်ခြံများမှာ လွတ်နေတဲ့ မြေကွက်လပ်တွေမှာ ခြံစည်းရိုးကြက်ဆူပင်များ တစ်ပိုင်တစ်နိုင်စိုက်ဖို့လဲ တိုက်တွန်းလိုက်ပါတယ်"။ ။

"ဘယ်လိုမြေမျိုးမှာမဆို စိုက်လို့ရတယ်။ ဒီအပင်မျိုးက အကြမ်းခံတယ်။ မြေညံ့မှာလဲ ဖြစ်ထွန်းပါတယ်။ ဒါပေမယ့် ဂရုစိုက်ပြီး ပြုပြင်ထားတဲ့မြေမျိုးမှာတော့ ပိုပြီးအဆင်ပြေတာပေါ့၊ ကိုင်းဖြတ်ကို မြေပေါ်တိုက်ရိုက်၊ ဒါမှမဟုတ် ပျိုးအိတ်ထဲ ပျိုးထောင်ထိုးစိုက်ရုံပဲ၊ စိုက်ရလွယ်ကူတယ်။ စိုက်ပျိုးစရိတ်မကုန်ဘူး၊ လုပ်အားတော့ လိုတာပေါ့လေ၊ ဘယ်မြေမျိုးမဆို ဆိုပေမယ့် ပျိုးတဲ့အချိန်မှာ သဲသုံးဆနဲ့ မြေဆွေးတစ်ဆ ရောထားတဲ့မြေမျိုးက ပိုကောင်းပါတယ်"

အစ္စရေးနယ်စပ်၌ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့ဝင်များဖြန့်ကြက်ထားပြီး မပေါက်ကွဲသေးသော ဗုံးများ ရှာဖွေနေသည်ကို စက်တင်ဘာ ၂၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပြည်တွင်းဖြစ် ဒရုန်းလေယာဉ်သစ်များ အီရန်တပ်ဖွဲ့ဝင်များ အသုံးပြုနိုင်တော့မည်

တီဟီရန် စက်တင်ဘာ ၂၅

အီရန်နိုင်ငံ၏ ပြည်တွင်းဖြစ် မောင်းသူမဲ့ ဒရုန်းလေယာဉ် အသစ်များ အီရန်လက်နက်ကိုင်တပ်ဖွဲ့သို့ လွှဲအပ်သည့် အခမ်းအနားကို စက်တင်ဘာ ၂၄ ရက်က ပြုလုပ်ခဲ့ကြောင်း ဒေသခံ လေဘာသတင်းစာက ဖော်ပြခဲ့သည်။

ယခုအခါ အီရန်နိုင်ငံသည် မျိုးဆက်သစ် မောင်းသူမဲ့ ဒရုန်းလေယာဉ် ထုတ်လုပ်သည့်အတတ်ပညာပိုင်းတွင် ကိုယ်ပိုင်လွတ်လပ်စွာ ရပ်တည်နိုင်ပြီ ဖြစ်သည်ဟု အီရန်ကာကွယ်ရေးဝန်ကြီး မုစတာဖါမိုဟာမက်နာဂျာက အထက်ပါ အခမ်းအနား၌ ပြောကြားသည်။

အီရန်၏ ပြည်တွင်းဖြစ် ဒရုန်းလေယာဉ်သည် ခရီးဝေးပျံသန်းနိုင်ရုံသာမက လှုပ်ရှားလွယ်ခြင်း၊ တိကျမှုရှိခြင်း စသည့် စွမ်းရည်များနှင့်လည်း ပြည့်စုံသည်ဟု ဆိုသည်။ ယင်းလေယာဉ်သည် ရာသီဥတုမရွေး၊ ပထဝီနေရာ ဒေသမရွေး ပျံသန်းနိုင်စွမ်းရှိကြောင်း သိရသည်။

လုံခြုံရေး

မကြာမီအနာဂတ်ကာလတွင် အီရန်တပ်ဖွဲ့ဝင်များအနေဖြင့် ထိုဒရုန်းလေယာဉ်များကို အသုံးပြု၍ နယ်စပ်ဒေသ လုံခြုံရေးကို ယခင်ကထက်ပို၍ စောင့်ရှောက်ခွင့် ရကြတော့မည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီဂျစ်-ဂါဇာ နယ်စပ်ဂိတ် ပြန်လည်ဖွင့်လှစ်

ဂါဇာ စက်တင်ဘာ ၂၅

အီဂျစ်နှင့်ဂါဇာကမ်းမြောင် ရာဖာနယ်ခြား ဖြတ်ကျော်ရေးစခန်းကို စက်တင်ဘာ ၂၂ ရက်က ပြန်လည် ဖွင့်လှစ်ပေးလိုက်ပြီဖြစ်ကြောင်း၊ ယင်းဒေသသည် ဂါဇာကမ်းမြောင်ဒေသရှိ ပါလက်စတိုင်း နိုင်ငံသားများ အတွက် တစ်ခုတည်းသော ဝင်၊ ထွက်ပေါက်ပင် ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အီဂျစ်နှင့်ဂါဇာ ဝင်၊ ထွက်နိုင်သော နယ်ခြားစခန်းကို စက်တင်ဘာ ၂၂ ရက်မှစ၍ နှစ်ရက်တာ ဖွင့်လှစ်ထားကြောင်း အီးယူပြောရေးဆိုခွင့်ရှိသူ ပိက်ခ်ကာကော်ဟိုလာက ပြောကြားသည်။ အစ္စရေးကို ကွေကွင်းပြီး ယင်းဒေသမှ ဖြတ်သန်းသွားလာခြင်းသည် ကမ္ဘာနှင့် ဆက်သွယ်နိုင်ရန် ပါလက်စတိုင်းတို့၏ တစ်ခုတည်းသော ဝင်၊ ထွက်ပေါက်ဖြစ်ပြီး ရာမာဒန် ဥပုသ်လအမီ ယင်းလမ်းကို ဖွင့်လှစ်ခြင်း ဖြစ်သည်။ စက်တင်ဘာ ၂၂ ရက်က ဂါဇာဒေသမှ အီဂျစ်သို့ သွားမည့် ကျောင်းသားများ၊ ဘုရားဖူးများနှင့် လူနာများကို ယင်းလမ်းမှ ဖြတ်သန်းခွင့်ပြုခဲ့သည်။ စက်တင်ဘာ ၂၃ ရက်တွင် မည်သူမဆို ယင်းလမ်းမှ ဖြတ်သန်းသွားလာနိုင်မည် ဖြစ်သည်။

အီဂျစ်မှ ဂါဇာကမ်းမြောင်ဒေသသို့ သွားမည့်လူများအတွက်မူ ယင်းဒေသ ဖြတ်သန်းသွားလာခွင့်ကို စက်တင်ဘာ ၃၀ မှစ၍ အကန့်အသတ်မရှိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း ကော်ဟိုလာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အကောက်ခွန်လုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် တရုတ်နှင့် တောင်အာဖရိက သဘောတူ

ပရီတိုးရီးယား စက်တင်ဘာ ၂၅

တရုတ်နိုင်ငံ အကောက်ခွန်ဌာနနှင့် တောင်အာဖရိကနိုင်ငံ အကောက်ခွန်ဌာနတို့သည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် စာချွန်လွှာတစ်ရပ်ကို သောကြာနေ့တွင် လက်မှတ်ရေးထိုးလိုက်ကြသည်။

အဆိုပါ သဘောတူညီချက်ကို တရုတ်နိုင်ငံ အကောက်ခွန် အထွေထွေစီမံခန့်ခွဲရေးဝန်ကြီး မူစင်ရှင်းနှင့် တောင်အာဖရိကနိုင်ငံ အခွန်ဌာနမင်းကြီး ပရာဗင်ဂေါ်ဒန်တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းသဘောတူညီချက်သည်အကောက်ခွန်လုပ်ငန်းဆိုင်ရာ နှစ်ဦးနှစ်ဖက်စီမံခန့်ခွဲမှု အကူအညီပေးရေး သဘောတူညီချက်ကို အတည်ပြုရန် နှစ်နိုင်ငံအစိုးရများအတွက် အခြေခံချမှတ်ပေးခဲ့ခြင်းဖြစ်သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ တောင်အာဖရိကနိုင်ငံ ဘဏ္ဍာရေးဒုတိယဝန်ကြီး ဂျာဘူလာနီမိုလီကီတီနှင့် တောင်အာဖရိကနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး လျူကူကျင်တို့ကလည်း ဝမ်းမြောက်ကြောင်း တုံ့ပြန်လိုက်သည်။

တရုတ်နှင့် တောင်အာဖရိကနိုင်ငံတို့၏ ကုန်သွယ်မှုကို စီမံခန့်ခွဲရေးအတွက် ရှေ့ပြေးစီမံကိန်းတစ်ရပ် ချမှတ်ရန်လည်း သဘောတူကြသည်။ အကောက်ခွန်သတင်း အချက်အလက်များနှင့် ပတ်သက်၍ အဆင့်မြင့် အီလက်ထရွန်နစ်စနစ် အသုံးပြုမှုကို ဖြစ်ပေါ်စေမည်ဖြစ်ပြီး လုပ်ငန်းအန္တရာယ်များကိုလည်း ပူးတွဲရှာဖွေနိုင်မည် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ရေအောက်မီးတောင်မှ ချော်မှုန့်များကြောင့် ဖီဂျီကမ်းခြေ ညစ်ညမ်းမှုဖြစ်ရ

ဝယ်လင်တန် စက်တင်ဘာ ၂၅

ဖီဂျီနိုင်ငံ ကာကူဒရုတ်ဒေသရှိ ဆာကနီ ကမ်းခြေတစ်လျှောက်ရှိ ရွာသားများသည် ကမ်းခြေနှင့် မြစ်များတွင် ရေအောက်မီးတောင် ပေါက်ကွဲရာမှ ထွက်လာသော ချော်ပြာမှုန့်များ မျောပါလာနေသည့်အတွက် သန့်ရှင်းရေးကို အထူးကြိုးစားလုပ်နေရကြောင်း သတင်းတစ်ရပ်တွင် ရေးသားဖော်ပြထားသည်။

ညစ်ညမ်း

ပင်လယ်ရေအောက်ရှိ မီးတောင် လှုပ်ရှားမှုကြောင့် အဆိုပါ ပင်လယ်ကမ်းခြေနှင့် မြစ်များတွင် ညစ်ညမ်းမှု ဖြစ်ပေါ်နေရခြင်းဖြစ်သည်ဟု ယူဆနေကြကြောင်း ဖီဂျီတိုင်းမ်သတင်းဌာနက စက်တင်ဘာ ၂၁ ရက်တွင် ဖော်ပြသည်။

ပြီးခဲ့သော ရက်သတ္တပတ်က ပင်လယ်ပြင်တွင် ချော်မှုန့်များ မျောနေသည်ကို ရွာသားများတွေ့မြင်ရကြောင်း ပြောကြားသည်။

ယင်းပြာချော်မှုန့်များ ဖုံးလွှမ်းနေသည့်အတွက် ၎င်းတို့၏ စိုက်ခင်းများသို့ သွားရာတွင်လည်းကောင်း၊ ငါးဖမ်းထွက်ရာတွင် လည်းကောင်း သွားမရအောင် ဖြစ်နေကြရသည်။ မြစ်ကမ်းပါးနှင့် ပင်လယ်ကမ်းစပ်တို့တွင် အချို့ငါးများ သေဆုံးနေသည်ကိုလည်း တွေ့မြင်ရသည်ဟုဆိုသည်။

ဖီဂျီဝန်းကျင်တွင် လွန်ခဲ့သော ရက်အနည်းငယ်က ငလျင်လှုပ်ခဲ့သော မှတ်တမ်းမှတ်ရာများ မတွေ့ရှိရကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။

စမ်းသပ်မှုပြုလုပ်ရန် ပင်လယ်နှင့် မြစ်မှရေကို နမူနာယူထားကြောင်း ငါးလုပ်ငန်းဌာန၊ သုတေသနအရာရှိ အာဆိခ်ဘာတီဘာဆာဂါက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကမ္ဘောဒီးယားနိုင်ငံ ကန်ဒါလ်ပြည်နယ်၌ ရိုးရာကျွဲစီးပြိုင်ပွဲကျင်းပနေသည်ကို စက်တင်ဘာ ၂၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ငွေအတုပြုလုပ်သူ တောင်အာဖရိကနိုင်ငံသား ဖမ်းဆီးခံရ

လူဆာကာ စက်တင်ဘာ ၂၅

တောင်အာဖရိကနိုင်ငံသား တစ်ဦးကို ငွေစက္ကူအတုထုတ်လုပ်ရာတွင် သုံးစွဲသော စက္ကူများပါသည့် သစ်သားသေတ္တာနှစ်လုံး ပိုင်ဆိုင်မှုဖြင့် ဖမ်းဆီးထားကြောင်း ဆန်းဒေးမေးလ်သတင်းဌာနက ဖော်ပြသည်။

ထိုကိစ္စနှင့်စပ်လျဉ်း၍ ဂျီ-၄ စီကူရီကော်အဖွဲ့ ညွှန်ကြားရေးမှူး ကက်စ်ပါစတာဆန်ဗန်ဒါမာဝါကိုစက်တင်ဘာ ၂၃ ရက်က လူဆာကာမြို့တွင် ဖမ်းဆီးခဲ့ကြောင်း၊ ၎င်းကို ငွေစက္ကူအတုပြုလုပ်သော စက္ကူနှင့် ပစ္စည်းများ ပိုင်ဆိုင်မှုဖြင့် ဖမ်းဆီးထားခြင်းဖြစ်ကြောင်း မူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် (ဒီအီးစီ)မှ ပြည်သူ့ဆက်ဆံရေးအရာရှိ ရိုစတန်ချူလူ၏ ပြောကြားချက်ကို ကိုးကား၍ သတင်းတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တိုကျို ကွန်ပျူတာဂိမ်းပြပွဲ၌ စံပြမယ်တစ်ဦးက ဂိမ်းသစ်တစ်မျိုးအား ပြသနေသည်ကို စက်တင်ဘာ ၂၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မလေးရှားနိုင်ငံတွင် လက်၊ခြေထောက်နှင့်ပါးစပ်နာ ရောဂါဖြစ်ပွား

ကွာလာလမ်ပူ စက်တင်ဘာ ၂၅

မလေးရှားနိုင်ငံ အရှေ့ပိုင်း ဆာရာဝပ်ပြည်နယ်တွင် လက်၊ ခြေထောက်နှင့် ပါးစပ်နာရောဂါ ကူးစက်ခံထားရသူ ၁၉ဦး ရှိသည်ဟု အစီရင်ခံစာတွင် ဖော်ပြပါရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရောဂါကူးစက်ပြန့်ပွားသူ ကလေးငယ်ကိုးဦးအား ဒေသစံတော်ချိန် နံနက် ၁၀နာရီ (ဂရင်းနစ်စံတော်ချိန် ၀၂ ၀၀နာရီ)တွင် ရှာဖွေတွေ့ရှိကာ ဆေးဝါးကုသမှုခံယူရန် ဆေးရုံသို့တင်ပို့ခဲ့ရကြောင်း ပြည်နယ်ဒုတိယ ဝန်ကြီးချုပ်ဂျော့ချန်းက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဆူဒန်ကိုအမေရိကန်နှင့် ဗြိတိန်တို့ ဖိအားပေးနေသည့်ကိစ္စ ဆူဒန်သမ္မတ ဘာရှား ဝေဖန်ပြောကြား

ခါတွန် စက်တင်ဘာ ၂၅

ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေး တပ်ဖွဲ့များ ဆူဒန်နိုင်ငံ အနောက်ပိုင်းတွင် ချထားရန် အမေရိကန်တို့က ကြိုးပမ်းနေသော ကိစ္စ၏ နောက်ကွယ်၌ လျှို့ဝှက်သော အကြံအစည်များ ရှိနေသည်ဟု ဆူဒန်နိုင်ငံသမ္မတ အိုမာ အယ်လ်ဘာရှားက စက်တင်ဘာ ၂၄ ရက်တွင် ဝေဖန်ပြောကြားသည်။

ဒါဖာဒေသ၌ ကုလသမဂ္ဂတပ်ဖွဲ့များ ချထားရေး ဆူဒန်ကိုသဘောတူလာစေရန် ဖိအားပေးနေခြင်းသည် မိမိတို့ဒေသကို အရှေ့အလယ်ပိုင်း ဒေသ သဖွယ် မတည်မငြိမ်ဖြစ်လာစေရန် ရည်ရွယ်၍ အမေရိကန်နှင့် ဗြိတိန်တို့က ကြံစည်နေကြခြင်းသာ ဖြစ်သည်ဟု သမ္မတဘာရှားက ဝန်ကြီးများနှင့် သတင်းထောက်များကို ခါတွန်မြို့၌ တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

အစိုးရတပ်ဖွဲ့များ၊ လက်နက်ကိုင်များနှင့် သူပုန်တပ်ဖွဲ့များအကြား တိုက်ခိုက်မှုများကြောင့် ဒါဖာဒေသ ပြဿနာတက်နေသည်မှာ သုံးနှစ်ကျော်ပင်ရှိပြီဖြစ်သည်။ အမေရိကန်နှင့် ဗြိတိန် အာဏာပိုင်များသည် ဆူဒန်ကို အသစ်တစ်ဖန် ကိုလိုနီကျွန်ပြုရန် ကြိုးပမ်းနေကြခြင်းသာ ဖြစ်သည်ဟု ၎င်းက စွပ်စွဲလိုက်သည်။

ဒါဖာဒေသ၌ ကုလသမဂ္ဂ တပ်ဖွဲ့အင်အား ၂၀,၀၀၀ချထားရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဩဂုတ် ၃၁ရက်တွင် ဆုံးဖြတ်ချက်ချခဲ့သည်ကို သမ္မတဘာရှားက ကန့်ကွက်ခဲ့သည်။ ဒါဖာတွင် ယခုအခါ အာဖရိက သမဂ္ဂမှ တပ်ဖွဲ့ဝင်အင်အား ၇၀၀၀ချခဲ့သည်။ ယင်းတပ်ဖွဲ့များကို ကုလသမဂ္ဂ တပ်ဖွဲ့ဝင်များနှင့် အစားထိုးသွားရန် စီစဉ်နေခြင်းသာဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

အမေရိကန်နိုင်ငံကယ်လီဖိုးနီးယားပြည်နယ်ရှိ စီးပွားဖြစ်စိုက်ပျိုးထားသော ဟင်းနုနယ် စိုက်ခင်းကို စက်တင်ဘာ ၂၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂျီအမ်အို ဆန်ရောင်းချမှု ဗြိတိန်နိုင်ငံတွင် ရှာဖွေတွေ့ရှိ

လန်ဒန် စက်တင်ဘာ ၂၅

ဗြိတိန်နိုင်ငံရှိ မောရစ်ဆင် ကုန်တိုက်လုပ်ငန်းက ဖွင့်လှစ်ရောင်းချသော အရောင်းဆိုင်များတွင် ဂျီအမ်အိုခေါ် မျိုးရိုးဗီဇ ပြုပြင်ပြောင်းလဲထားသော ဆန်များကို ရောင်းချနေကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့အစည်းတစ်ရပ်က ရှာဖွေတွေ့ရှိခဲ့ပြီးနောက် ယင်းဆန်များ ရောင်းချနေမှုကို ကုမ္ပဏီက ရပ်သိမ်းလိုက်ကြောင်း စက်တင်ဘာ ၂၄ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

မော်ရစ်ဆင်ကုန်တိုက်လုပ်ငန်းက ဖွင့်လှစ်ထားသော စတိုးဆိုင်များတွင် ရောင်းချသည့် ဆန်နမူနာ နှစ်မျိုးကို ဓာတ်ခွဲစစ်ဆေးရာတွင် ဂျီအမ်အိုဆန်ဖြစ်နေသည်ကို တွေ့ရှိရကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများအား မိမိတို့က သတင်းပို့ခဲ့ကြောင်း မြေကမ္ဘာမိတ်ဆွေများဟု အမည်ပေးထားသော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအုပ်စုက ပြောကြားသည်။

ယခုလောလောဆယ်ကာလတွင် ဥရောပသမဂ္ဂ(အီးယူ)၏ အဖွဲ့ဝင် ၂၅ နိုင်ငံတွင် မျိုးရိုးဗီဇပြုပြင်ပြောင်းလဲထားသော ဆန်ကို စိုက်ပျိုးခြင်း၊ ရောင်းချခြင်း၊ ဈေးကွက်တင်ပို့ခြင်း မပြုလုပ်ရန် တားမြစ်ပိတ်ပင်ထားသည်။

စူပါမားကက် စတိုးဆိုင်များတွင် ဂျီအမ်အိုဆန်ကို ရောင်းချမှုမှာ တရားဥပဒေမဲ့လုပ်ရပ်ဖြစ်ကြောင်း၊ ဇီဝနည်းပညာအရ ပြုပြင်ပြောင်းလဲထားသော ဆန်ကို သေချာစွာ မစစ်ဆေးမီ ရောင်းချခြင်းမပြုသင့်ကြောင်း၊ အကြောင်းမှာ ဂျီအမ်အိုဆန်များသည် လူတို့စားသုံးပါက ကျန်းမာရေးအားဥပဒ်သင့် ရောက်နိုင်သောကြောင့် ဖြစ်ကြောင်း အဆိုပါ အုပ်စုက ပြောကြားသည်။

အင်တာနက်။

နီပေါ၌ ပျောက်ဆုံးနေသောရဟတ်ယာဉ် ပြန်လည်တွေ့ရှိ လိုက်ပါသွားသူ ၂၄ ဦးစလုံး သေဆုံးဟုဆို

ခတ္တမန္ဒူ စက်တင်ဘာ ၂၆

နီပေါနိုင်ငံမှဝန်ကြီးတစ်ဦး၊ အရေးပါသော အထက်တန်းအရာရှိကြီးများ၊ သံတမန်ဆိုင်ရာများနှင့် ကမ္ဘာ့သားရဲတိရစ္ဆာန်ထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့မှ တာဝန်ရှိသူများလိုက်ပါသွားသော ရဟတ်ယာဉ်တစ်စင်းသည် စက်တင်ဘာ ၂၃ ရက်က ပျောက်ဆုံးသွားရာမှ စက်တင်ဘာ ၂၅ရက်၌ ပြန်လည်တွေ့ရှိကြောင်း သိရသည်။

ထိုရဟတ်ယာဉ်သည် တာပလီဂျပ်ခရိုင်ရမ်ဆာကျေးရွာမှ ဌာနချုပ်တည်ရှိရာ တာပလီဂျပ်မြို့ သို့ပျံသန်းစဉ် ဒေသစံတော်ချိန် နံနက် ၁၂နာရီခန့်က ပျက်ကျသွားခြင်းဖြစ်ကြောင်း၊ ထိုဒေသသည် ခတ္တမန္ဒူမြို့မှ အရှေ့ဘက် ကီလိုမီတာ ၆၀၀အကွာတွင်တည်ရှိကြောင်း ဖော်ပြထားသည်။

ယင်းရဟတ်ယာဉ်ပေါ်တွင် နီပေါနိုင်ငံသစ်တောဝန်ကြီး ဂိုပယ်ရာအီနှင့် ၎င်း၏ဇနီးအပါအဝင်လူပေါင်း၂၄ ဦးလိုက်ပါသွားသည်။ ၎င်းပုဂ္ဂိုလ်များတွင် နီပေါနိုင်ငံသစ်တောရေးရာဌာန အတွင်းဝန်ပေါလီမာစ်တိုနင်၊ ဖင်လန်သံရုံး ယာယီတာဝန်ခံမာဂရက်အလက်ဇန္ဒား၊ ကမ္ဘာ့သားရဲတိရစ္ဆာန်ထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့တို့မှ တာဝန်ရှိသူများလည်း ပါဝင်ပြီး လိုက်ပါသွားသူအားလုံး သေဆုံးသွားကြောင်း သတင်းများက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ညီညွတ်သောအစိုးရ မက္ကဆီကိုတွင်ဖွဲ့စည်းမည်

မက္ကဆီကိုစီးတီး စက်တင်ဘာ ၂၅

မိမိတို့နိုင်ငံ၌ ညီညွတ်မှုရှိသော အစိုးရအဖွဲ့တစ်ရပ် ပေါ်ထွန်းလာရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မက္ကဆီကို သမ္မတသစ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဖဲလစ်ကယ်ဒရွန်းက စနေနေ့တွင် ပြောကြားလိုက်သည်။

မက္ကဆီကို သမ္မတရွေးကောက်ပွဲနှင့်ပတ်သက်၍ အပြင်းအထန်အငြင်းပွားမှုများ ဖြစ်ပေါ်လာခဲ့ပြီးနောက် ကယ်ဒရွန်းက ယင်းသို့ပြောကြားခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံကျီနန်မြို့၌ ပြုလုပ်သောဆက်သွယ်ရေးနည်းပညာပြပွဲ၌ စက်ရုပ်နှင့် လူသား အပြန်အလှန်စကားပြောနေသည်ကို စက်တင်ဘာ ၂၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှားမှ ဆယ်ကျော်သက်ကလေး ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံး

ဂျကာတာ စက်တင်ဘာ ၂၅

အင်ဒိုနီးရှားနိုင်ငံတွင် အသက် ၁၁ နှစ် အရွယ်ရှိ ယောကျ်ားကလေး တစ်ဦးသည် ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးသွားကြောင်း၊ အင်ဒိုနီးရှားနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးသူပေါင်း ၅၀ ရှိပြီဖြစ်ကြောင်းကျန်းမာရေးဝန်ကြီးဌာနက စက်တင်ဘာ၂၂ရက်တွင်ပြောကြားသည်။ဂျာဗားပြည်နယ် အရှေ့ပိုင်း တူလန်ဂါဂန်မြို့ရှိဆေးရုံတွင် စက်တင်ဘာ ၁၈ ရက်က ဆယ်ကျော်သက်ရွယ် လူငယ်လေးသေဆုံးသွားကြောင်းကျန်းမာရေးဝန်ကြီးဌာန ကြက်ငှက်တုပ်ကွေး ရောဂါဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့အကြီးအကဲ ရူနီဇာရူဆင်က ပြောကြားသည်။

ဒေသဆိုင်ရာဓာတ်ခွဲခန်းနှစ်ခု၏ စမ်းသပ်ချက်များအရ ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးမှုကို အတည်ပြုကြောင်း ၎င်းက ပြောကြားသည်။ ကလေး၏ အိမ်ရှိကြက်များမှာ သေဆုံးသွားပြီး သေဆုံးသွားသော ကြက်များနှင့် ထိတွေ့မှုရှိခဲ့ကြောင်း၊ အဆိုပါဒေသသို့ စုံစမ်းစစ်ဆေးရန် တာဝန်ရှိသူများအား စေလွှတ်မည်ဖြစ်ကြောင်း ရူဆင်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

တရားမဝင်လုပ်သားများကို မလေးရှား နှင်ထုတ်

ဂျကာတာ စက်တင်ဘာ ၂၅

မလေးရှားနိုင်ငံတွင် တရားမဝင်အလုပ်လုပ်ရန် လာရောက်ကြသော အင်ဒိုနီးရှားနိုင်ငံသား ၈၇၂ဦးသည် နိုင်ငံတွင်း၌ ပြစ်ဒဏ်ကျခံပြီးနောက် ၎င်းတို့ကိုစက်တင်ဘာ ၂၁ရက်တွင် မလေးရှားနိုင်ငံ ဂျိုဟိုးပြည်နယ်မှ နှင်ထုတ်လိုက်ကြောင်း သံတမန်တစ်ဦးကပြောကြားသည်။

တရားမဝင်အလုပ်သမားများကို မလေးရှားနိုင်ငံက ဇန်နဝါရီလမှစတင်၍ ပြန်လည်နှင်ထုတ်ခဲ့ရာ အင်ဒိုနီးရှားနိုင်ငံသား စုစုပေါင်း ၁၂၀၀၀ ရှိသွားပြီဖြစ်ကြောင်း ဂျိုဟိုပြည်နယ်ရှိ အင်ဒိုနီရှားကောင်စစ်ဝင်ရုံး သံတမန်ဒီအက်ခ်ထရိုင်မက်ဒ်ဂျိုဒိုက စက်တင်ဘာ ၂၁ ရက်တွင် ပြောကြားသည်။ မလေးရှားနိုင်ငံတွင်း၌ ဌာနေနိုင်ငံ ပြန်ပို့ခံရမည့် အင်ဒိုနီးရှားနိုင်ငံသားဦးရေမှာ ၁၀၀၀၀ခန့်ကျန်ရှိနေသေးကြောင်း သံတမန်၏ပြောကြားချက်ကို ကိုးကား၍ အင်တာရာသတင်းဌာနက ဖော်ပြသည်။ ရာမာဒန်ဥပုသ်လအတွင်း ကျန်ရှိနေသေးသော အင်ဒိုနီးရှားနိုင်ငံသားများကို ဆက်လက်၍ ဌာနေနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။



အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ပြင်ရှိ တိရစ္ဆာန်ဈေးပွဲ၌ ကုလားအုတ်များ အရောင်းအဝယ် ပြုလုပ်နေသည်ကို စက်တင်ဘာ ၂၅ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်း နှစ်ပတ်လည်သင်းလုံး ကျွတ် အစည်းအဝေး (၂၀၀၆)တွင် အမှာစကားပြောကြားစဉ်။

(သတ္တုတွင်း)

မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၆

မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆)ကို စက်တင်ဘာ ၂၄ ရက်တွင် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်တို့ တက်ရောက်၍ အမှာစကားပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဖွင့်လှစ်ခဲ့သော သင်တန်းများ၌ ထူးချွန်ဆုရရှိကြသူများနှင့် ၂၀၀၅-၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မွန်ပြည်နယ်၌ အောင်ချက်အကောင်းဆုံးဆုရ အခြေခံပညာ အထက်တန်းကျောင်း သုံးကျောင်းနှင့် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးရှင်ငါးဦးနှင့် ငါးဘာသာဂုဏ်ထူးရှင် ၁၈ဦးတို့အား တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် ပြည်နယ်ဌာနဆိုင်ရာများက ဆုများ ချီးမြှင့်ကြသည်။ ယင်းနောက် အစည်းအဝေးကို မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်စိုးမိုးနိုင်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်အသင်းအလုပ်အမှုဆောင်အဖွဲ့က တစ်နှစ်တာ အစီရင်ခံစာကိုလည်းကောင်း၊ သထုံခရိုင်နှင့် မော်လမြိုင်ခရိုင် အသင်းအတွင်းရေးမှူးများက အသင်းအလုပ်အမှုဆောင်အဖွဲ့၏ တစ်နှစ်တာ အစီရင်ခံစာများကိုလည်းကောင်း ဖတ်ကြားတင်သွင်းကြပြီး ပြည်နယ်အလုပ်အမှုဆောင်အဖွဲ့က အကြံပြုချက်စာတမ်းများကို ရှင်းလင်းဆွေးနွေးဖြေကြား၍ ဆုံးဖြတ်ချက်နှင့် မှတ်တမ်းတင်ခြင်းတို့ကို ချမှတ်ဆောင်ရွက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အရှင်သုမင်္ဂလာလင်္ကာရ (Ph.D) အန္တိမစျာပန သာဓုကီဠနပူဇာသဘင် တရားပွဲများ ညစဉ် ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၆

မရမ်းကုန်းမြို့နယ် ကမ္ဘာအေးအရှေ့ဝါယာလက်(၂)လမ်း တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက် မဟာမင်္ဂလာအလယ်တိုက်ကြီး၌ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အရှင် သုမင်္ဂလာလင်္ကာရ (Ph.D) အန္တိမစျာပနသာဓုကီဠနပူဇာသဘင်အဖြစ် ညစဉ် တရားပွဲများ ကျင်းပမည်ဖြစ်ရာ (သီတင်းကျွတ်လဆန်း ၆ရက်) စက်တင်ဘာ ၂၇ရက်တွင် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသနှင့် ဓမ္မဒူတ အရှင်ဆေကိန္ဒ၊ (သီတင်းကျွတ်လဆန်း ၇ရက်) စက်တင်ဘာ ၂၈ရက်တွင် ချမ်းမြေ့ရိပ်သာ ဆရာတော် ဘဒ္ဒန္တ ဇနကာဘိဝံသနှင့် တွံတေး အရှင်ကုန္တက၊ (သီတင်းကျွတ်လဆန်း ၈ရက်) စက်တင်ဘာ ၂၉ရက်တွင် သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ ဆရာတော်တို့က ည ၇နာရီမှစတင်၍ တရားတော်များ ဟောကြားတော်မူမည်ဖြစ်၍ တရားနာကြွရောက်ကြပါရန် ဖိတ်ကြားထားသည်။ (က-ပ)

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ငွေလှူဒါန်းခြင်းအခမ်းအနား တက်ရောက် ကလေးပြုစုရေးဌာနနှင့် အမျိုးသမီးသင်တန်းကျောင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၆

လူမှုဝန်ထမ်းဦးစီးဌာန မန္တလေးတိုင်းအတွင်းရှိ ဌာနငယ်၊ သင်တန်းကျောင်းများအတွက် World Vision (Myanmar)က ငွေလှူဒါန်းခြင်းအခမ်းအနားကို စက်တင်ဘာ ၂၃ရက် နံနက် ၁၀နာရီတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်(စစ်ကိုင်းလမ်းခွဲ)ရှိ မန္တလေး နားမကြားသောကလေးများကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက လူမှုဝန်ထမ်းဦးစီးဌာနက ဆောင်ရွက်နေသော လူမှုဝန်ထမ်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းအမှာစကားပြောကြားသည်။

ယင်းနောက် အလှူရှင် World Vision (Myanmar) မှ ဌာနေကိုယ်စားလှယ် Mr.Roger Walker က လှူဒါန်းရခြင်း အကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး မန္တလေးတိုင်းအတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန ဌာနငယ်၊ သင်တန်းကျောင်းများသို့ အလှူငွေ ကျပ်သိန်း ၈၈၀ကို ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်သည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ချမ်းအေးသာစံမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန ကလေးပြုစုရေးဌာနသို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး ကလေးငယ်များအား စားစရာမုန့်များပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးသည် လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးကလေးများ သင်တန်းကျောင်းသို့ သွားရောက်၍ အိပ်ဆောင်များ၊ စာသင်ခန်းများ၊ ထမင်းစားဆောင်နှင့် ကျောင်းသူလေးများ တေးဂီတ အနုပညာ သင်ကြားလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးပြီး အဝတ်အထည်များ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်အဝေးသင်တက္ကသိုလ် တတိယအသုတ် အနီးကပ်ပို့ချသင်တန်းနှင့် စာစစ်ဌာနများ ကြေညာ

ရန်ကုန် စက်တင်ဘာ ၂၆

ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ၂၀၀၆ ပညာသင်နှစ် တတိယအသုတ် အနီးကပ်ပို့ချသင်တန်းများကို နိုဝင်ဘာ ၁၀ရက်မှ ၂၀ရက်အထိလည်းကောင်း၊ အတန်းတင်စာမေးပွဲများကို နိုဝင်ဘာ ၂၃ရက်မှ ၃၀ရက်အထိလည်းကောင်း ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ ပြည်တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ ဟင်္သာတတက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ မြိတ်တက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ မအူပင်တက္ကသိုလ်နှင့် ပဲခူးဒီဂရီကောလိပ် စာစစ်ဌာနများ၌ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ် ဒဂုံဌာနခွဲ(ဒဂုံတက္ကသိုလ်)တွင် မှတ်ပုံတင်ထားသော ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် စီးပွားရေးပညာအထူးပြုအားလုံး၊ သမိုင်းနှင့်ပထဝီဝင် အထူးပြုကျောင်းသားများသည် ဒဂုံတက္ကသိုလ်တွင် အနီးကပ်ပို့ချသင်တန်းတက်ရောက်ကြရမည်။ ပထမနှစ် ပထဝီဝင်အထူးပြုကျောင်းသားများသည် အထက(၁) မြောက်ဥက္ကလာပ၊ အထက(၂) မြောက်ဥက္ကလာပ၊ အထက(၃) မြောက်ဥက္ကလာပ၊ အထက(၄) မြောက်ဥက္ကလာပ၊ အထက(၅) မြောက်ဥက္ကလာပတို့၌ လည်းကောင်း၊ ပထမနှစ် စီးပွားရေးအထူးပြုများသည် အထက(၁) ဒဂုံမြို့သစ်မြောက်ပိုင်း၊ အထက(၄) ဒဂုံမြို့သစ်မြောက်ပိုင်း၌ လည်းကောင်း၊ ပထမနှစ် စီးပွားစီမံ အထူးပြုကျောင်းသားများသည် အထက(၄) ဒဂုံမြို့သစ်မြောက်ပိုင်း၌ လည်းကောင်း၊ ပထမနှစ် သမိုင်းအထူးပြုများသည် အထက(၃) ဒဂုံမြို့သစ်မြောက်ပိုင်း၌လည်းကောင်း စာမေးပွဲဖြေဆိုကြရမည် ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ် အရှေ့ပိုင်းဌာနခွဲ (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၌ မှတ်ပုံတင်ထားသော ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် စီးပွားရေးအထူးပြုအားလုံး၊ သမိုင်းနှင့် ပထဝီဝင် အထူးပြုကျောင်းသားများသည် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၌ အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ကြပြီး စာမေးပွဲဖြေဆိုကြရမည် ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ် အနောက်ပိုင်းဌာနခွဲ(ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)၌ မှတ်ပုံတင်ထားသော ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် စီးပွားရေး အထူးပြုအားလုံး၊ သမိုင်းနှင့် ပထဝီဝင် အထူးပြုကျောင်းသားများသည် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၌ အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ပြီး စာမေးပွဲဖြေဆိုကြရမည် ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ်၏ နယ်ဌာနခွဲအသီးသီးတို့၌ မှတ်ပုံတင်ထားသည့် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် စီးပွားရေးပညာ အထူးပြုကျောင်းသားများ၊ သမိုင်းနှင့် ပထဝီဝင် အထူးပြုကျောင်းသားများသည် မိမိတို့နှင့်သက်ဆိုင်သော တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ပြီး စာမေးပွဲဖြေဆိုကြရမည် ဖြစ်သည်။

အသေးစိတ် အစီအစဉ်ကြေညာချက်ကို သက်ဆိုင်ရာ အဝေးသင်တက္ကသိုလ် ဌာနခွဲများနှင့် အခြေခံပညာအထက်တန်းကျောင်းများ၌ ကြေညာထားမည် ဖြစ်သည်။ (သတင်းစဉ်)

မြန်မာ့အသေးစားချေးငွေလုပ်ငန်း ရာဖြတ်ခြင်းနှင့် လုပ်ငန်းကျွမ်းကျင်မှုသင်တန်းဆင်း

ရန်ကုန် စက်တင်ဘာ ၂၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အသေးစား ချေးငွေလုပ်ငန်း၏ ရာဖြတ်ခြင်းနှင့် လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁/၂၀၀၆)ဆင်းပွဲအခမ်းအနားကို ယမန်နေ့က ရန်ကုန်မြို့ ပန်းဆိုးတန်း လမ်းရှိ မြန်မာ့အသေးစားချေးငွေ လုပ်ငန်း သင်တန်းခန်းမ၌ ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူး(ပူးတွဲတာဝန်) အထွေထွေမန်နေဂျာ ဦးအောင်မြင့်ထွန်းက သင်တန်းဆင်းအမှာစကား ပြောကြားသည်။ ထို့နောက် သင်တန်းတွင် ပထမဆုရ ပဲခူးတိုင်း နတ်တလင်းရုံးခွဲမှ လက်ထောက် ကြီးကြပ်ရေးမှူး (ရာဖြတ်)ဒေါ်တင်တင်အေး**(အောက်ပုံ)**၊ ဒုတိယဆုရ ဧရာဝတီတိုင်း လေးမျက်နှာရုံးခွဲမှ လက်ထောက်ကြီးကြပ်ရေးမှူး (ရာဖြတ်) ဒေါ်သက်ဝါအောင်နှင့် တတိယဆုရ ရှမ်း/ကယားပြည်နယ် ရပ်စောက်ရုံးခွဲမှ လက်ထောက် ကြီးကြပ်ရေးမှူး(ရာဖြတ်) ဒေါ်ငုငုဝါတို့အား ဆုများပေးအပ်ချီးမြှင့်သည်။ အဆိုပါသင်တန်းသို့ ပြည်နယ်နှင့်တိုင်းမှ သင်တန်းသား သင်တန်းသူ ၃၆ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ်ကြာမြင့်သည်။ (၃၂)

ဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် စက်တင်ဘာ ၂၆

ရန်ကုန်တိုင်း၊ ဒဂုံဆိပ်ကမ်းမြို့နယ် (၅၈) ပန်းချီ၊ ပန်းပုရပ်ကွက်၊ အမှတ်(၈၈၈)ရှိ (မဟာသဒ္ဓမ္မဇောတိကဓဇ) ဆရာကြီးဦးသန်း ကမ္မဋ္ဌာန်းရိပ်သာတွင် အောက်တိုဘာ ၁ရက် ညနေမှ အောက်တိုဘာ ၉ရက် နံနက်အထိ ဝိပဿနာ ခုနစ်ရက် တရားစခန်း သတ္တမအကြိမ်မြောက် ဖွင့်လှစ်ပြသမည်ဖြစ်ပါ၍ (စားစရိတ်ငြိမ်း) တရားအားထုတ်လိုသောပုဂ္ဂိုလ်များ ကြွရောက်ပါရန် ဖိတ်ကြားထားသည်။ (က-ပ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ် အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ဘိုးဘွား ဦးသာခင်-ဒေါ်သင်းနွယ်၊ ဦးကစ်-ဒေါ်ဆင့်၊ မိဘ ဦးဟိန်းစိုး-ဒေါ်ကြည်ကြည်၊ သားသမီးများ ဦးစံထွန်းအောင်-ဒေါ်သန်းသန်းမြင့်၊ ဦးတင်ဝင်း-ဒေါ်ခင်နှင်းဦး၊ ဦးဟန်တင်-ဒေါ်ဂရေစီယာ၊ ဒေါ်အေးမူ၊ ဦးသက်လွင်-ဒေါ်နွဲ့နွဲ့ရီ၊ ဦးသက်ဝင်း-ဒေါ်လေးမြင့်၊ ဒေါက်တာကျော်သူ-ဒေါ်ခိုင်ခိုင်တင်၊ မြေးများ ကိုကျော်စိုးနိုင်၊ ကိုဇေယျာမိုး၊ မရှီနာတင်၊ မခရစ်စတီနာတင်၊ မောင်ကောင်းသန့်ကျော်သူတို့က အလှူငွေကျပ် ၁၀ သိန်းကို နာယကဆရာတော် မိုးညှင်းအရှင်ကုန္တကက ရေစက်ချပြီး ကျောင်းဆောက်ဖြစ်မြောက်ရေးအဖွဲ့ ဦးသိန်းဇော် လက်ခံရယူစဉ်။

(ကြေးမုံ)

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သောအခြေခံအဆောက်အအုံ အားလုံးနီးပါး တည်ဆောက်ပေးပြီးဖြစ် အနာဂတ်ကာလတွင် နိုင်ငံတော်၏အခြေအနေသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာတော့မည် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူလက်တွဲ၍ အဖျက်သမားရန်ကို တားဆီးကာကွယ်ချေမှုန်း

ရန်ကုန် စက်တင်ဘာ ၂၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် စက်တင်ဘာ ၂၄ရက် နံနက်ပိုင်းတွင် မကွေးတိုင်း ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ပုဏ္ဏားကျေးရွာသို့ ရောက်ရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက တည်ဆောက်ပြီးစီးသွားသည့် စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ထီးလင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်အား ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ကျေးရွာမှ တာဝန်ရှိသူများနှင့်အတူ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်နှင့် လေးလက်မ ရေတင်စက်အသုံးပြုနိုင်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ ပုဏ္ဏားကျေးရွာရှိ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်များ ဒိုင်နမို ၁၅ကီလို တပ်ဆင်ထား၍ အိမ်ခြေ ၁၅၀ကို လျှပ်စစ်မီးပေးဝေထားပြီး လေးလက်မ ရေတင်စက်ဖြင့်လည်း လယ်ယာလုပ်ငန်းများအတွက် လယ်ဧက ၇၀ကို ရေပေးဝေထားကြောင်းနှင့် အဆိုပါ လျှပ်စစ်ဓာတ်အား ပေးစက်တွင် ဆန်စက်ငယ်တစ်လုံးကိုပါ တွဲဖက်၍ စပါးများကို ကြိတ်ခွဲပေးလျက်ရှိကြောင်း သိရှိရသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပုဏ္ဏားကျေးရွာ ယာယီမဏ္ဍပ်၌ ဒေသခံများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ထီးလင်းမြို့နယ် ပုဏ္ဏားကျေးရွာမှ ၂၀၀၅-၂၀၀၆ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သူတစ်ဦးအား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုဆုငွေချီးမြှင့်စဉ်။ (သတင်းစဉ်)

အဆိုပါ တွေ့ဆုံပွဲသို့ ပုဏ္ဏားကျေးရွာ၊ ထန်းပင်ကုန်းကျေးရွာ၊ တောရောင်းကျေးရွာ၊ ပဇင်းချောင်ကျေးရွာနှင့် ထလင်းကျေးရွာတို့မှ ဒေသခံပြည်သူ စုစုပေါင်းအင်အား ၂၃၀၀ကျော်တို့ တက်ရောက်ကြသည်။

ယင်းတွေ့ဆုံပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ၅၁၇စောင်ကို ကျေးရွာစည်းရုံးရေးမှူး ဦးတင်သန်းက ပေးအပ်ရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီးက လက်ခံသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကျေးရွာများမှ ၂၀၀၅-၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ သုံးဦးတို့အား ဂုဏ်ပြုလွှာနှင့်ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ပြီး လယ်မြေဧက ၃၀ကို ထပ်မံရေပေးဝေနိုင်ရန်အတွက် ခြောက်လက်မပန့် ပြောင်းလဲတပ်ဆင်ရန် အလှူငွေ ကျပ်နှစ်သိန်းကို ကျေးရွာစည်းရုံးရေးမှူး ဦးတင်သန်းအား ပေးအပ်သည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးက ကျေးလက်ပြည်သူများအတွက် စောင်များ၊ အဝတ်အထည်များ၊ မိုးကာနှင့် ပလတ်စတစ်ပုံးများ၊ ခြင်ဆေးစွေနှင့် ဆပ်ပြာများ၊ ကျောင်းသုံး ဗလာစာအုပ်များနှင့် သုတရသမျိုးစုံ၊ ဂျာနယ်၊ မဂ္ဂဇင်း စာအုပ်စာစောင်များကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ထီးလင်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ တည်ဆောက်ထားသော စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက် ဖွင့်ပွဲသို့ တက်ရောက် အားပေး၍ ဖွင့်လှစ်ပေးသည်။

အဆိုပါ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်မှာ ဒိုင်နမို ၅၀ ကီလိုရှိပြီး ထီးလင်းမြို့ပေါ်ရှိ ရပ်ကွက်များသို့ နှစ်ပေမီးချောင်း ၂၁၉ ချောင်းနှင့် ရုပ်မြင်သံကြားဖမ်းစက် အလုံး ၂၀၊ ရေခဲသေတ္တာ ၁၀လုံးနှင့် ဗီဒီယိုတစ်ရုံ၊ ကာရာအိုကေလုပ်ငန်း တစ်ခုတို့ကို ဖြန့်ဝေအသုံးပြုလျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ထီးလင်းမြို့ရှိ ရွှေထီးခန်းမ၌ ပြုလုပ်သော ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်၍ ဒေသခံပြည်သူများ၏ တင်ပြချက်များကိုညှိနှိုင်းဆောင်ရွက်ပေးပြီး ဆွေးနွေးမှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ထီးလင်းမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ထီးလင်းမြို့နှင့် သရခါကျေးရွာ၊ ကျင်းကျေးရွာတို့မှ ပြည်သူလူထု အင်အား စုစုပေါင်း ၁၀၀၀ကျော်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ထီးလင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဌေးက အသင်းဝင်အဆိုပြုလွှာ ၅၅၀ကို ဗဟိုအတွင်းရေးမှူး ဝန်ကြီးထံ ပေးအပ်သည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၅-၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော သုံးဘာသာ ဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ခြောက်ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၂၀ စုစုပေါင်း ဂုဏ်ထူးရှင် ၂၈ဦးတို့အား ဂုဏ်ပြုလွှာနှင့် ချီးမြှင့်ငွေများကို ပေးအပ်သည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးက စောင်များ၊ အဝတ်အထည်များ၊ မိုးကာနှင့် ပလတ်စတစ်ပုံးများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ခြင်ဆေးစွေနှင့် ဆပ်ပြာများ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် သုတ ရသစုံ၊ ဂျာနယ်၊ မဂ္ဂဇင်းမျိုးစုံနှင့် စာအုပ်စာစောင်များကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးက စာသင်ခုံများ လိုအပ်နေသော စာသင်ကျောင်းများအတွက် စာသင်ခုံများ ပြုလုပ်လှူဒါန်းရန် ငွေကျပ် ၇၈၀၀၀၀ကို ဂန့်ဂေါခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်မြင့်ထံသို့လည်းကောင်း၊ ဂန့်ဂေါမြို့နယ်၊ ထီးလင်း မြို့နယ်နှင့် ဆောမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများအတွက် စည်းရုံးရေးလုပ်ငန်းများတွင် အသုံးပြုရန် ငွေကျပ် နှစ်သိန်းစီကိုလည်းကောင်း၊ ပြုလုပ်ပြီး စာသင်ခုံများကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။

ထို့အတူ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် စက်တင်ဘာ ၂၃ရက် နံနက်ပိုင်းတွင် ညောင်ဦးမြို့နယ်မှ ပခုက္ကူမြို့နယ်ရှိ ကျုတ်တိုးကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် ၂၁လက်မရောင်စုံ ရုပ်မြင်သံကြားဖမ်းစက်နှင့် ဂြိုဟ်တုစလောင်းစက် လှူဒါန်းပွဲသို့ တက်ရောက်အားပေးသည်။

အဆိုပါ လှူဒါန်းပွဲတွင် ကျေးလက်ပြည်သူများက စုပေါင်းလှူဒါန်းသော ငွေကျပ် ၅၅၀၀၀၀တန်ဖိုးရှိ ရုပ်မြင်သံကြားဖမ်းစက်နှင့် ဂြိုဟ်တုစလောင်းတို့ကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ရပ်မိရပ်ဖတို့က ဝန်ကြီးထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဝန်ကြီးက အဆိုပါ ကျုတ်တိုးကျေးရွာ ရောင်ခြည်ဦး စာကြည့်တိုက်အတွက် သုတ၊ ရသစုံ ဂျာနယ်၊ မဂ္ဂဇင်းများကို ပေးအပ်လှူဒါန်းပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးမှာကြားကာ စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုသည်။

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် မကွေးတိုင်းအတွင်းရှိ ကျေးရွာများသို့ သွားရောက်၍ ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် အမှာစကား ပြောကြားရာတွင် တပ်မတော်အစိုးရ တာဝန်ယူသည့် ၁၈နှစ်ကာလအတွင်း နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို မျက်ဝါးထင်ထင် သိမြင်တွေ့ရှိနိုင်ပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းကျိုးပြည်ပြုလုပ်ငန်းများကို အသွင်သဏ္ဌာန်ရော၊ အနှစ်သာရပါ ပြည့်ပြည့်ဝဝ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လယ်ယာလုပ်ငန်း ဖွံ့ဖြိုးရန်အတွက် စိုက်ပျိုးရေးလုပ်ငန်း အောင်မြင်ရန်အတွက် ရေရရှိမှုက အရေးကြီးကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တည်ဆောက်၍ ရနိုင်သည့် နေရာများ၌ ဆည်မြောင်း၊ တာတမံများ တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဆည်မြောင်းတာတမံကြီး ၁၈၇ခုကို တည်ဆောက်ပေးခဲ့ပြီး တည်ဆောက်နေဆဲ ၂၃ခုရှိကြောင်း၊ နောက်ထပ် ဆောင်ရွက်ရန် ၁၀ခုကိုလည်း လျာထားစီစဉ်ပြီးဖြစ်ကြောင်း၊ ဆည်မရနိုင်သည့် နေရာများတွင် မြစ်ရေတင်စီမံကိန်း ၂၉၃ခုကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ မြေအောက်ရေတွင်းပေါင်း ၇၅၃၅ခုကို တူးဖော်ပေးခဲ့ပြီးဖြစ်ကြောင်း။

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေးကောင်းရန် လိုအပ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍအနေဖြင့် မြန်မာနိုင်ငံအတွင်း အရှေ့ အနောက် တောင် မြောက် ဆက်သွယ်ထားသည့် လမ်းသစ်များကိုလည်း ဆက်သွယ်ဖောက်လုပ်ပေးပြီးဖြစ်ကြောင်း၊ ယခုအခါ မြန်မာနိုင်ငံ တောင်ပိုင်း ကော့သောင်းမှ မြန်မာနိုင်ငံ မြောက်ပိုင်း မြစ်ကြီးနားအထိ ကားဖြင့် ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးတွင် လမ်း၊ တံတားများကို ကွန်ရက်သဖွယ် ဖောက်လုပ်ထားပြီးဖြစ်ကြောင်း ရထားလမ်းပိုင်းအသစ်များကိုလည်း တိုးချဲ့ဖောက်လုပ်ပေးပြီးဖြစ်၍ ဒေသခံပြည်သူများ လွယ်ကူလျင်မြန်စွာဖြင့် သွားလာနိုင်ကြပြီး ကုန်စည်စီးဆင်းမှုများ ပိုမိုမြန်ဆန်လာပြီဖြစ်ကြောင်း။

ပညာရေးကဏ္ဍတွင်လည်း ကျေးရွာတိုင်း၌ အခြေခံပညာမူလတန်းကျောင်းများ၊ မူလတန်းလွန်ကျောင်းများ တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ မြို့နယ်တိုင်း၌ အခြေခံပညာ အထက်တန်းကျောင်းများရှိပြီး ပြည်နယ်နှင့် တိုင်း အနှံ့တွင် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများကို တိုးချဲ့ဖွင့်လှစ်ပေးပြီးဖြစ်ကြောင်း။

စာမျက်နှာ ၉ ကော်လံ ၅ သို့ ➪

ဒီဇယ်စက်ခေါင်းထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတော်က လိုအပ်သည်များ ဖြည့်ဆည်းအားပေးမည် မိမိတို့၏ အတတ်ပညာနှင့် အတွေ့အကြုံများအခြေခံ၍ ဒီဇယ်စက်ခေါင်းတစ်ခုလုံး တီထွင်ကြံဆတည်ဆောက်

▲ ရှေ့ဖုံးမှ

စပ်လျဉ်း၍ စက်ရုံက အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေများ၊ တွဲများအဆင့်မြှင့်တင်ရေး ဆောင်ရွက်ချက်များ၊ နိုင်ငံခြားသုံးငွေ ချွေတာနိုင်ရေးအတွက် တီထွင်ကြံဆဆောင်ရွက်ခဲ့မှုများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ချစ်ကြည်ရေးလက်ဆောင်အဖြစ် ပေးအပ်သော ရထားတွဲများကို မြန်မာ့မီးရထားသံလမ်းများ၌ ပြေးဆွဲနိုင်ရေး ပြုပြင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က သိရှိလိုသည်များကို ထပ်မံမေးမြန်းပြီး ရထားစီးခရီးသည်များအတွက် သက်သောင့်သက်သာရှိပြီး အဆင့်အတန်းရှိသော လူစီးတွဲများနှင့် ခိုင်ခံ့သော ကုန်တွဲများကို စက်ရုံက လုံးလုံးလျားလျား တည်ဆောက်ထုတ်လုပ်နိုင်အောင် တိုးချဲ့စီမံဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

မိမိတို့၌ ကိုယ်ပိုင်အတွေ့အကြုံများနှင့် အတတ်ပညာရှိပြီးဖြစ်၍ တွဲများကို အကြီးစား ပြင်ဆင်မွမ်းမံရုံသာမက တွဲသစ်များကို မိမိတို့စက်ရုံအတွင်း၌ပင် အစအဆုံး ထုတ်လုပ်သွားနိုင်သင့်ပြီဖြစ်ကြောင်းဖြင့် မှာကြားသည်။

လူစီးတွဲပုံစံငယ်များကြည့်ရှု

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံက ပြုပြင်ပေးလျက်ရှိသည့် လူစီးတွဲပုံစံငယ်များကို ကြည့်ရှုကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် တာဝန်ရှိသူများက စက်ရုံမှ အောင်မြင်စွာ စမ်းသပ်ထုတ်လုပ်ပြီးဖြစ်သည့် ရထားတွဲပစ္စည်းများ၊ စမ်းသပ်ဆောင်ရွက်ဆဲ ရထားတွဲပစ္စည်းများ၊ စက်ရုံက တီထွင် ထုတ်လုပ်ထားသည့် ရထားတွဲချိတ်ဆက်ပစ္စည်းများ၊ လူစီးတွဲသုံးဘိုဂီများ၊ အထက်တန်းတွဲထိုင်ခုံများကို ရှင်းလင်းပြသကြသည်။ ထို့နောက် လူစီးတွဲ တည်ဆောက်ခြင်းလုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းပြသကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း လူစီးတွဲနှင့် ကုန်တွဲစက်ရုံ မြစ်ငယ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း လူစီးတွဲနှင့် ကုန်တွဲစက်ရုံ မြစ်ငယ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချစ်ကြည်ရေးလက်ဆောင်ပေးအပ်သော လူစီးတွဲများအား ပြုပြင်မွမ်းမံထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

စက်ခေါင်းစက်ရုံလုပ်ငန်းများကြည့်ရှု

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီခွဲတွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်တို့နှင့်အတူ မြန်မာ့မီးရထား၏ ဒီဇယ်စက်ခေါင်းစက်ရုံ ရွာထောင်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား စက်ရုံရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ဒီဇယ်စက်ခေါင်းစက်ရုံ ရွာထောင်နှင့်စက်ခေါင်းစက်ရုံ အင်းစိန်တို့နှင့်စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြသည်။

ထို့နောက် ဒီဇယ်စက်ခေါင်းစက်ရုံ ရွာထောင် အထွေထွေမန်နေဂျာ ဦးမြင့်ခိုင်နှင့် စက်ခေါင်းစက်ရုံ အင်းစိန် အထွေထွေမန်နေဂျာ ဦးစောဘယ်လင်တိုင်းတို့က စက်ခေါင်းစက်ရုံအလိုက် ဒီဇယ်စက်ခေါင်းအမျိုးမျိုး ပြုပြင်ဆောင်ရွက်နေမှုများ၊ စက်ရုံများသို့ နိုင်ငံတော်အကြီးအကဲရောက်ရှိစဉ် လမ်းညွှန်ခဲ့မှုများနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ စက်ခေါင်းပြုပြင်ရေးအတွက် စက်ကိရိယာ ဝယ်ယူဖြည့်တင်းမှုများ၊ အရန်စက်ပစ္စည်းများ တီထွင်ထုတ်လုပ်ခြင်းများ၊ ပုဂ္ဂလိကစက်မှုဇုန်များနှင့် ပူးပေါင်း၍ အရန်ပစ္စည်းမှာကြားထုတ်လုပ်နေမှုများ၊ အခြားဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ စက်ခေါင်းစက်ရုံ
ပြည်တွင်း၌ ဒီဇယ်စက်ခေါင်းထုတ်လုပ်
များကို ရှင်းလင်းတင်ပြရာ ဝန်ကြီး ဗိုလ်ချု
တင်ပြသည်။

ဖြည့်ဆည်းအာ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်
ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတော်အပိုင်
အားပေးသွားမှာဖြစ်ကြောင်း၊ ပညာရှင်များ
အတတ်ပညာနှင့် အတွေ့အကြုံများကို အ
တစ်ခုလုံးကို တည်ဆောက်နိုင်အောင်
သွားကြရမှာဖြစ်ကြောင်း။

မိမိတို့ ရထားစက်ရုံများက တီထွ
အခြားနိုင်ငံပိုင်စက်ရုံများနှင့် ပုဂ္ဂလိကစ
များလည်းရှိရာ အားလုံးညှိနှိုင်းပေါင်းစပ်
ဆိုပါက ဒီဇယ်စက်ခေါင်းတစ်ခုလုံးကို မိမိ
ဖြင့် မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့
ရွာထောင်၏ ဒီဇယ်ထရန်စမစ်ရှင်းအလုပ်ရုံ
အလုပ်ရုံတို့၏ လုပ်ငန်းများကို လှည့်လ

ဆက်လက်၍ မြန်မာ့မီးရထားအော
စက်ခေါင်းနှင့် တွဲအရန်ပစ္စည်းများ၊ ပုဂ္ဂ
ထုတ်လုပ်သော စက်ခေါင်းနှင့် တွဲအရ
တင်သွင်းနေရသော အရန်ပစ္စည်းများကို

ထို့နောက် စက်ရုံ၌ ပြင်ဆင်ဆေ
ခေါင်းများ၊ သံလမ်းပြေးယာဉ် တည်ဆော
စစ်ဆေးပြီး ဝန်ကြီးချုပ်က လိုအပ်သည

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်
ထွက်ခွာခဲ့ကြပြီး ရထားဖြင့် ဆက်လ
စက်တင်ဘာ ၂၄ ရက် ညပိုင်းတွင် ပြ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြ
ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်
မြစ်ငယ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတ

မိမိတို့ရထားစက်ရုံများက တီထွင် ထုတ်လုပ်နိုင်သည်များ ရှိသကဲ့သို့ အခြားနိုင်ငံပိုင်စက်ရုံများနှင့် ပုဂ္ဂလိက စက်ရုံများက ထုတ်လုပ်ပေးနိုင်သည် များလည်းရှိရာ အားလုံး ညှိနှိုင်း ပေါင်းစပ်၍ ပူးပေါင်းအားထုတ်သွား ကြမည်ဆိုပါက ဒီဇယ်စက်ခေါင်း တစ်ခုလုံးကို မိမိတို့ ထုတ်လုပ်သွား နိုင်မှာဖြစ်။

နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည်

ရန်ကုန် စက်တင်ဘာ ၂၆

၁၃၆၈ခုနှစ် သီတင်းကျွတ်လဆန်း ၈ ရက်၊ (စက်တင်ဘာ ၂၉ ရက်) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ညောင်ကန်အေးရိပ်သာ ညောင်ကန်အေးဆရာတော် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ကုန္ဒက ကလည်းကောင်း၊ ညနေ ၃နာရီတွင် ပဲခူးတိုင်း ကြို့ပင်ကောက်မြို့ တိုက်ကျောင်း ပါဠိတက္ကသိုလ်၏ ဦးစီးပဓာန နာယက၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နရိန္ဒာစာရကလည်းကောင်း ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံကြီး၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်တော်မူမည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဒီဇယ်စက်ခေါင်းစက်ရုံ ရှာထောင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ စက်ခေါင်းစက်ရုံ အင်းစိန် အထွေထွေမန်နေဂျာက ပြည်တွင်း၌ ဒီဇယ်စက်ခေါင်းထုတ်လုပ်နိုင်ရေးအတွက် စီမံဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းအားပေးမည်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်တွင်း၌ ဒီဇယ်စက်ခေါင်း ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတော်အပိုင်းက လိုအပ်သည်များကို ဖြည့်ဆည်း အားပေးသွားမှာဖြစ်ကြောင်း၊ ပညာရှင်များနှင့် ဝန်ထမ်းများအပိုင်းက မိမိတို့၏ အတတ်ပညာနှင့် အတွေ့အကြုံများကို အခြေခံ၍ ရဲရဲဝံ့ဝံ့ဖြင့် ဒီဇယ်စက်ခေါင်း တစ်ခုလုံးကို တည်ဆောက်နိုင်အောင် တီတွင်ကြံဆ ကြိုးပမ်းအားထုတ် သွားကြရမှာဖြစ်ကြောင်း။

မိမိတို့ ရထားစက်ရုံများက တီထွင်ထုတ်လုပ်နိုင်သည်များရှိသကဲ့သို့ အခြားနိုင်ငံပိုင်စက်ရုံများနှင့် ပုဂ္ဂလိကစက်ရုံများက ထုတ်လုပ်ပေးနိုင်သည် များလည်းရှိရာ အားလုံးညှိနှိုင်းပေါင်းစပ်၍ ပူးပေါင်းအားထုတ်သွားကြမည် ဆိုပါက ဒီဇယ်စက်ခေါင်းတစ်ခုလုံးကို မိမိတို့ ထုတ်လုပ်သွားနိုင်မှာဖြစ်ကြောင်း ဖြင့် မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒီဇယ်စက်ခေါင်းစက်ရုံ ရှာထောင်၏ ဒီဇယ်ထရန်စမစ်ရှင်းအလုပ်ရုံ၊ ဒီဇယ်လျှပ်စစ်အလုပ်ရုံ၊ အအေးပေး အလုပ်ရုံတို့၏ လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ မြန်မာ့မီးရထားအောက်ရှိ စက်ရုံများက ထုတ်လုပ်သော စက်ခေါင်းနှင့် တွဲအရန်ပစ္စည်းများ၊ ပုဂ္ဂလိကများနှင့် မုံရွာစက်မှုဇုန်တို့က ထုတ်လုပ်သော စက်ခေါင်းနှင့် တွဲအရန်ပစ္စည်းများ၊ နိုင်ငံခြားက မှာယူ တင်သွင်းနေရသော အရန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စက်ရုံ၌ ပြင်ဆင်ဆောင်ရွက်လျက်ရှိသော ဒီဇယ်စက် ခေါင်းများ၊ သံလမ်းပြေးယာဉ် တည်ဆောက်ထားမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့သို့ ထွက်ခွာခဲ့ကြပြီး ရထားဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ နေပြည်တော်သို့ စက်တင်ဘာ ၂၄ ရက် ညပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း လူစီးတွဲနှင့် ကုန်တွဲစက်ရုံ မြစ်ငယ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စာပေဗိမာန်စာမူရ စာအုပ်များ ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂၆

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က စာပေဗိမာန်စာမူဆုရစာအုပ်များကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

အဆိုပါစာအုပ်များမှာ ၂၀၀၁ခုနှစ် စာပေဗိမာန်စာမူဆုစာပဒေသာတတိယ ဆုရ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၏ "မေတ္တာရေစီးကြောင်းပေါ်က စည်းလုံး ညီညွတ်ရေး"စာအုပ်၊ ၂၀၀၂ခုနှစ် စာပေဗိမာန်စာမူဆု သုတပဒေသာ (ဝိဇ္ဇာ ပညာရပ်)တတိယဆုရ မောင်နွယ်သန်း(ပြန်/ဆက်)၏ "ကြံမှသကြား ပြည့်စီးပွား"စာအုပ်၊ ၂၀၀၃ခုနှစ် စာပေဗိမာန်စာမူဆု ကဗျာပေါင်းချုပ်ပထမ ဆုရ ဇာနည်၏ "နှင်းနုညအလှဖူးသစ်ကဗျာများ"စာအုပ်၊ ဝတ္ထုရှည် တတိယ ဆုရ အောင်သူရိန်(ပုလဲ)၏ "ပုံတောင်သား၏ ဂုဏ်ဆောင်ဓား"စာအုပ်နှင့် ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ သက်သက်သင်း(ပညာရေး)၏ "ပြုံးပန်းတစ်ရာ ပွင့်ရာပြီလေနှင့် အခြားဝတ္ထုတိုများ"စာအုပ်တို့ဖြစ်သည်။

အဆိုပါစာအုပ်များကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင်၊ မန္တလေးမြို့ ရတနာပုံဈေးသစ်(ဒုတိယထပ်)ရှိ စာပေဗိမာန်စာအုပ် ဆိုင်နှင့် ရန်ကုန်၊ နယ်ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင် ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၇-၉-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ အတီးပြိုင်ပွဲ
၈း၀၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၁၅ ၇။ အဆိုပြိုင်ပွဲ
၈း၂၀ ၈။ ဆက်သွယ်ဆင့်ပွား အိပ်မက်တံတား
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ Let's Go.
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၃၀ ၃။ တေးဂီတအစီအစဉ်
၄း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ရုက္ခဗေဒအထူးပြု)(ရုက္ခဗေဒ)
၅း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၅း၁၀ ၆။ မြန်မာစာမြန်မာစကား
၅း၂၀ ၇။ သီချင်းကြီးပဒေသာ
၅း၃၀ ၈။ **ရောင်ပြန်ဟပ်ခြင်း (မင်းအုပ်စိုး၊ကုသိုလ်) (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)**
၅း၄၅ ၉။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) (ဝါသနာရှင်) (ဒုတိယတန်းအဆင့်) (အမျိုးသား၊ အမျိုးသမီး)
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
၇း၀၅ ၁၃။ **"ဘဝနှင့်ရင်း၍" (ဖြိုးငွေစိုး၊ သူထူးစံ၊ ကျော်ကေသွယ်) (ဒါရိုက်တာ-သိန်းဟန်-ဖိုးနစ်)**
၇း၁၅ ၁၄။ မှုဟန်သွယ်သွယ် ဆိုကြမယ်
၇း၃၀ ၁၅။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၇း၄၀ ၁၆။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ (ရုပ်သေးပြိုင်ပွဲ) (ဆွေးနွေးခန်း)
၈း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **"သုံးနာရီသုံးဆယ့်ငါး" (သူထူးစံ၊ ပပဝင်းခင်) (ဒါရိုက်တာ-ရဲဝန်ထမ်းဟောင်း တစ်ဦး၊ ချောချစ်စံ)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

➪ စာမျက်နှာ ၇ မှ

ပညာရည် မြင့်မားစေရန်အတွက် နိုင်ငံတော်က အမြော်အမြင်ကြီးစွာဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများအတွက်သာမက ကျေးလက်ပြည်သူများ ပညာရည် မြင့်မားစေရေး၊ ဗဟုသုတပညာများ ရရှိစေရေးတို့အတွက် ကျေးလက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ကို ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း။

ယခုအခါ နိုင်ငံတော်အစိုးရက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် လိုအပ် သော အခြေခံအဆောက်အအုံအားလုံး နီးပါးကို တည်ဆောက်ပေးပြီးဖြစ်၍ အနာဂတ်ကာလတွင် နိုင်ငံတော်၏ အခြေအနေသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာတော့မည်မှာ သေချာ ကြောင်း။

တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက် လျက်ရှိသည်ကို မလိုလားကြသော ပြည်တွင်းပြည်ပ အဖျက်သမားများက ပြည်တွင်းဆူပူမှုများ ဖြစ်အောင် ဖန်တီးနေကြကြောင်း၊ နိုင်ငံတော်၏ တည်ငြိမ်တိုးတက်မှုကို ဟန့်တား နှောင့်ယှက်လျက်ရှိကြောင်း၊ ပြည် တွင်းရှိ အဖွဲ့အစည်းတစ်ခုက ပိတ် လေးပိတ်၊ အလုံးစုံ ပျက်သုဉ်းရေးနှင့် အမိန့်ဟူသမျှ ဖီဆန်ကြ မှုတို့ကို ကျင့်သုံးနေကြောင်း၊ ပြည်တွင်းပြည်ပ အဖျက်အမှောင့်သမားများက နိုင်ငံ တော်အား နိုင်ငံရေးတိုက်ကွက်၊ မြေပေါ်တိုက်ကွက်၊ မြေအောက်တိုက် ကွက်တို့ဖြင့် သုံးဘက်သုံးတန် ညှပ် တိုက်နေကြောင်း၊ ထိုအခြေအနေ များကို ပြည်သူတစ်ရပ်လုံးက သတိပြု ပြီး အဖျက်သမားများ၏ အန္တရာယ် ကို နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းတို့နှင့်အတူ လက်တွဲ၍ အဖျက်သမားများ၏ရန်ကို တားဆီး ကာကွယ် ချေမှုန်းကြရမည်ဖြစ် ကြောင်းဖြင့် ပြောကြားသွားသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး မန္တလေးမြို့ရှိ မြန်မာ့ရေနံထွက် ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ပင်မရေနံ သိုလှောင်ဖြန့်ဖြူးရေး ဌာန (ခ)အဆင့်တွင် ကြည့်ရှု စစ်ဆေးစဉ်။ (စွမ်းအင်)

စားအုန်းဆီသင်္ဘောများ ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၆

နိုင်ငံတော်အစီအစဉ်ဖြင့် မလေးရှား၊ အင်ဒိုနီးရှားနှင့် စင်ကာပူနိုင်ငံတို့မှ စားအုန်းဆီများ တင်သွင်းပြီး ပြည်သူလူထုသို့ သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ ယမန်နေ့တွင် တန်ချိန် ၂၉၀၀ ပါ MT-AMA-3 သင်္ဘောသည် ထီးတန်းဆိပ်ကမ်းသို့ လည်းကောင်း၊ တန်ချိန် ၃၀၅၀ ပါ MT-SMOOTH-SEA-4သင်္ဘောသည် အေရှားဝေါလ်ဆိပ်ကမ်း သို့ လည်းကောင်း၊ တန်ချိန် ၃၁၅၀ ပါ Daman-I သင်္ဘောသည် ယနေ့ တွင် ထီးတန်းဆိပ်ကမ်းသို့လည်းကောင်း ဆိုက်ကပ်လာရာ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြသည်။

ထပ်မံဆိုက်ရောက်

အလားတူ စက်တင်ဘာ ၃၀ ရက်တွင် တန် ၂၇၅၀ ပါ သင်္ဘောတစ်စီးနှင့် အောက်တိုဘာ ၁ ရက်တွင် တန်ချိန် ၃၀၀၀ ပါ သင်္ဘောတစ်စီး ထပ်မံ ဆိုက်ရောက်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေး စက်သုံးဆီဖြန့်ဖြူးရောင်းချမှု စစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၆

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် စက်တင် ဘာ ၂၃ရက်တွင် မန္တလေးမြို့ရှိ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေး လုပ်ငန်း ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာန (ခ)အဆင့်၌ စက်သုံးဆီများ သိုလှောင်ဖြန့်ဖြူးနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ အထွေထွေမန်နေဂျာ က စက်သုံးဆီများရောက်ရှိမှု၊ သိုလှောင်မှု၊ ဖြန့်ဖြူးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ရေယာဉ်ဆီတွဲများမှ ဆီချပေးနေမှု၊ လုံခြုံရေးဆောင်ရွက်ထားရှိမှု၊ စက်သုံးဆီလက်ခံ၊ သိုလှောင်နေမှုများကို လိုက်လံစစ်ဆေးပြီး မီးဘေးလုံခြုံရေး၊ စက်သုံးဆီရေယာဉ်တွဲများ၊ ဆီကန်များ လုံခြုံရေးအထူးဂရုပြုဆောင်ရွက်ရေး၊ စက်သုံးဆီ ပြတ်လပ်မှုမရှိစေရေး၊ သယ်ယူဖြန့်ဖြူးမှုလျင်မြန်စေရေး၊ တိုးချဲ့သိုလှောင်နိုင်ရေး၊ အလွဲသုံးစားမှုနှင့် လေလွင့်ဆုံးရှုံးမှုမရှိစေရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် စစ်ကိုင်းမြို့ စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၆၂၂)သို့ လည်းကောင်း၊ စက်တင်ဘာ ၂၄ ရက်တွင် မန္တလေးမြို့ရှိ စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၆၃၃)နှင့် အမှတ်(၀၆၁၉)များသို့ လည်း ကောင်း သွားရောက်၍ စက်သုံးဆီ ဖြန့်ဖြူးရောင်းချနေမှုများကို ကြည့်ရှု စစ်ဆေးပြီး ဒုတိယဝန်ကြီးက စက်သုံးဆီဖြန့်ဖြူးမှုနှင့် ပတ်သက်၍ ဝန်ကြီး ဌာနက ချမှတ်ထားသော မူဝါဒများ၊ ညွှန်ကြားချက်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ကြရန်၊ ဝန်ကြီးဌာန၏ မူဝါဒများကို အကောင်အထည် ဖော်ရာတွင် ဖြန့်ဖြူးရေးဝန်ထမ်းအဆင့်ဆင့်က ရိုးသားစွာ ပူးပေါင်းဆောင်ရွက် ကြရန်တို့ကို ဆွေးနွေးမှာကြားသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ကုန်သေတ္တာများ တင်ချနေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၆

ဆိပ်ကမ်း ကုန်တင်၊ ကုန်ချလုပ်ငန်းများ သွက်လက်မှန်ကန် မြန်ဆန်စေရေးနှင့် စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေး ကော်မတီဥက္ကဋ္ဌ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ကော်မတီဝင်များ၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၂၅ ရက်တွင် ရန်ကုန်မြို့ရှိ အမှတ်(၃) ဗိုလ်အောင်ကျော်တံတား ကုန်သေတ္တာစခန်း၌ ကုန်ပစ္စည်းများကိုစစ်ဆေးရေးအဖွဲ့များဖြင့် ဖွင့်ဖောက်စစ်ဆေးနေမှုအခြေအနေများ၊ ကုန်သေတ္တာများအား သင်္ဘောပေါ်သို့ တင်ချနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သွင်းကုန်/ထုတ်ကုန် ပစ္စည်းများကို စစ်ဆေးရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေးနှင့် လုပ်ငန်းများမှန်ကန်ချောမွေ့မှုဖြစ်စေရေး ဂရုစိုက်ဆောင်ရွက်သွားရန်နှင့် ကုန်သေတ္တာများ တင်ချရာတွင် အန္တရာယ်ကင်းရှင်းစေရေးနှင့် သတ်မှတ်ချိန်အတွင်း လုပ်ငန်းများလျင်မြန်ချောမွေ့မှု ရှိစေရေးတို့ကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ဆူးလေ အမှတ်(၆)တံတား၌ဆိုက်ကပ်ထားသော မြန်မာ့ကြယ်ငါးပွင့် သင်္ဘော လုပ်ငန်း၏ မကွေးသင်္ဘောပေါ်မှ ဘီလိပ်မြေအိတ်များကို ဆိပ်ကမ်းသို့ ချနေမှုနှင့် မော်လမြိုင်သင်္ဘောပေါ်သို့ သစ်လုံးများ တင်ဆောင်နေမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီးလိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆိပ်ကမ်းကုန်တင်၊ ကုန်ချလုပ်ငန်းများ သွက်လက်မှန်ကန် မြန်ဆန်ရေးနှင့် စွမ်းအားပြည့် ဆောင်ရွက်နိုင်ရေး ကော်မတီဥက္ကဋ္ဌ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ကော်မတီဝင်များ ဆူးလေတံတားအမှတ်(၆)တွင် ကြည့်ရှုစစ်ဆေးကြစဉ်။ (ပို့ဆောင်ရေး)

မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း သုခကာရီ ပရိယတ္တိစာသင်တိုက်အတွင်းရှိ လှမျိုးသိင်္ဂီကျောင်းဆောင် လှူဒါန်းအခင်းပြုလုပ်ရန် မရမ်းကုန်းမြို့နယ်နေ ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်(အငြိမ်းစား) မိသားစုက ငွေကျပ်လေးသိန်းခွဲ၊ ဦးငြိမ်း၊ ဒေါက်တာ ဒေါ်လေးခိုင်မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးပန်၊ ဒေါ်လှလှ(အောင်အောင် မိတ်ကပ်၊ဆံပင်အလှပြုပြင်ရေး)က ငွေကျပ် ၁၀ သိန်းကို ကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တ ကဝိဓဇာဘိဝံသထံ စက်တင်ဘာ ၂၄ ရက်က လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ပညာရာမိကမဟာ(A.B)ကျောင်းတိုက်တို့၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသီလဝံသ မဟာထေရ်မြတ်အား နိုင်ငံတော်မှ မဟာဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းအတွက် ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို စက်တင်ဘာ ၂၃ ရက်က ပြုလုပ်ရာ မြို့နယ်အေးချမ်းသာယာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁)ဒုရဲမှူးစိုးလွင်က ဆရာတော်အား ဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်းစဉ်။ (၂၃)

ဝန်ကြီး ဒေါက်တာချမ်းငြိမ်း အင်းစိန်မြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်အတွင်း အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၏ တတ်မြောက်မှု မေးမြန်းစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၆

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ လိုက်ပါလျက် စက်တင်ဘာ ၂၅ရက် နံနက်၁၀နာရီ၄၅ မိနစ်တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အမှတ်(၁၂)အခြေခံပညာအလယ်တန်းကျောင်းသို့ရောက်ရှိ၍ ပထမတန်း၊ သူငယ်တန်း၊ သတ္တမတန်း၊ စတုတ္ထတန်း၊ တတိယတန်းနှင့် မူလတန်းကြို စာသင်ခန်းများ၌ ပညာသင်ယူနေကြသော ကျောင်းသား၊ကျောင်းသူများအား ဘာသာရပ်ဆိုင်ရာတတ်မြောက်မှုများကို မေးမြန်းစစ်ဆေးပြီး **(ယာပုံ)** ပညာကို ကြိုးစားသင်ယူရေး၊ ကျောင်းသင်ခန်းစာများကို လေ့ကျင့်ကျက်မှတ်ရေးတို့နှင့်စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် မင်္ဂလာဒုံမြို့နယ် အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း၊ အင်းစိန်မြို့နယ် အမှတ်(၂၃)၊ အမှတ်(၄၃)၊ အမှတ်(၃၉) အခြေခံပညာ မူလတန်းကျောင်းများနှင့် အမှတ်(၆) အခြေခံပညာ အလယ်တန်းကျောင်းတို့သို့ သွားရောက်ပြီး အတန်းအသီးသီး၌ ပညာသင်ယူနေကြသော ကျောင်းသား၊ ကျောင်းသူများအား ဘာသာရပ်ဆိုင်ရာ သင်ယူတတ်မြောက်မှုများကို မေးမြန်းစစ်ဆေး၍ ကျောင်းသင်ခန်းစာများကို နေ့စဉ်လေ့ကျင့်ကျက်မှတ်ရေး၊ စာဖတ်စွမ်းရည် မြင့်မားရေးနှင့် အထွေထွေဗဟုသုတ ရရှိရေးအတွက် နေ့စဉ်ထုတ်မြန်မာ၊ အင်္ဂလိပ် သတင်းစာများကို ဖတ်ရှုလေ့လာရေး၊ နှစ်စဉ်အတန်းတင်စာမေးပွဲအောင်မြင်ရေးအတွက် စာကြိုးစားရေးတို့နှင့် စပ်လျဉ်း၍ မှာကြားကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)မဟာဘုံကထိန်ပွဲ

ရန်ကုန် စက်တင်ဘာ ၂၆

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)၏ စတုတ္ထအကြိမ် မဟာဘုံကထိန်ပွဲကို အောက်တိုဘာ ၁၅ရက်(တနင်္ဂနွေနေ့)တွင် အသင်းတည်ရှိရာ မင်္ဂလာမဏ္ဍိုင်ကျောင်း အမှတ်(၅၉) အာဇာနည်လမ်း ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဖြစ်စေ၊ မဝင်ရသေးသူဖြစ်စေ ရန်ကုန်ရောက် ဒေးဒရဲမြို့နယ်သူ၊ မြို့နယ် သားများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

ဘုံကထိန်သက်န်းနှင့် အခြားလှူဒါန်းလိုသူများသည် ဦးမျိုးလွင် (ဥက္ကဋ္ဌ)ဖုန်း-၅၄၄၂၇၃၊ ဦးဇော်လွင်(ဒု-ဥက္ကဋ္ဌ) ဖုန်း-၀၉/၈၀၃၁၇၄၈ (ခိုင်ရွှေဝါထီဆိုင်)၊ ဦးစိုးသိန်း ဖုန်း-၀၉/၅၁၃၆၇၉၈နှင့် ဒေါ်ခင်စောလှ ဖုန်း-၅၀၀၁၆၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ထုတ်လုပ်မှုစွမ်းအား မြင့်မားတိုးတက်ရေး ဆွေးနွေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၆

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ဂျပန်နိုင်ငံ Japan Productivity Center (JPG) တို့ ပူးပေါင်း၍ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ထုတ်လုပ်မှုစွမ်းအား မြင့်မားတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲကို စက်တင်ဘာ ၂၁ ရက် နံနက်က လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower အသစ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး အလုပ်အမှုဆောင် ဦးအောင်မိုးက သင်တန်းဆိုင်ရာ ကိစ္စများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည့်အခါ Japan Productivity Center(JPC) မှ အကြံပေးပုဂ္ဂိုလ် Mr. Koichi Hiratsuka က အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများတွင် ထုတ်လုပ်မှုစွမ်းအား၏ အရေးကြီးမှုများကို ၎င်း၏ အတွေ့အကြုံများနှင့် ဂျပန်နိုင်ငံတွင် ဆောင်ရွက်လုပ်ကိုင်နေသည့် နည်းပညာများကို ပေါင်းစပ်၍ ရှင်းလင်းဆွေးနွေးတင်ပြသည်။ **(ဝဲပုံ)**

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၇-၉-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၃၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၅ ၉။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၀။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၅။ မျိုးချစ်တပ်မတော်
၅:၁၀။ ၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသ သတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာသည်သာ" (အပိုင်း-၅၉)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ သံဃာ့ဂုဏ်ရည်မြတ်လယ်တီ -ထူးချွန်ထင်ရှားတပည့်များ အပိုင်း(၁)
၁၉။ **English Usage**
၂၀။ ဗွီစီဒီကျော်ကြားတေးများ
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရွှေမင်းသမီး" (အပိုင်း-၁၂)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

➪ ကာကွယ်ရေးဝန်ကြီးဌာနမှ

ပန်တျာကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်ရှိ ဟံသာဝတီကိုယ်တိုင် ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ကျန်စစ်သားလမ်း ထီးလှိုင်ရှင်အိမ်ရာအနီးရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ ရွှေပြည်သာမြို့နယ် (၅)ရပ်ကွက် သီရိမင်္ဂလာမြို့ပတ်လမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် စွယ်တော်ပတ်လမ်းရှိ နဝဒေး ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း ရောက်ရှိပြီး အခွန်လွတ်ဈေးများအတွင်းရှိ အမှတ်(၁)စက်မှု ဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ စားသောက်ကုန်နှင့် လူသုံးကုန်အရောင်းဆိုင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ရန်ကုန်တိုင်းအတွင်းရှိ တပ်ရင်းတပ်ဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာရှိ ရန်ကုန်တိုင်းဟင်းသီးဟင်းရွက်နှင့် ကြက်၊ငါးမွေးမြူရေး အထူးဇုန်တို့မှ ကိုယ်တိုင်ထုတ်လုပ်သူလုပ်ငန်းရှင်များ၏ ကြက်သား၊ ကြက်ဥ၊ ငါးနှင့်ဟင်းသီးဟင်းရွက်အရောင်းဆိုင်များ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်၊ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေး၊ ပုဂ္ဂလိက ကုမ္ပဏီများ၏ ဆိတ်သား၊ ဝက်သား၊အမဲသား၊ ရေချို–ရေငန်ငါးမျိုးစုံနှင့် နို့ထွက်ပစ္စည်းအရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ကြက်သွန်နီနှင့် ကြက်သွန်ဖြူ၊ စားဖိုဆောင်သုံး သီးနှံများ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ ကြက်သွန်နီအရောင်းဆိုင်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်ကြီးများအသင်း၏ ဆန်အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ စားအုန်းဆီ ကုန်ခြောက်ပစ္စည်းအရောင်းဆိုင်များ၊ ဟင်းသီးဟင်းရွက်၊ မီးဖိုချောင်သုံးပစ္စည်း၊ ကုန်ခြောက်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များဖွင့်လှစ်ရောင်းချမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက အခွန်လွတ်ဈေးအတွင်း ဈေးနှုန်းသက်သာစွာဖြင့် ရောင်းဝယ်ဖောက်ကားနေမှုအခြေအနေများကို လိုက်လံရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တာဝန်ရှိသူများအား အခွန်လွတ်ဈေးများ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး၊ အခွန်လွတ်ဈေးများ သန့်ရှင်းသပ်ရပ်ရေး၊ စားသုံးကုန်ပစ္စည်းအမယ်မျိုးစုံ ပိုမိုတိုးတက်အောင် ရောင်းချရေး၊ စားသုံးသူများ စိတ်ချမ်းမြေ့စွာ ဝယ်ယူနိုင်ရေး၊ ရောင်းချသူများကလည်း သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်၊ သားငါးများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချနိုင်ရေးတို့နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအားမှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။(သတင်းစဉ်)

❐ ကျောဖုံးမှ

၃။ ကျွန်ုပ်တို့ တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံးအနေဖြင့် တပ်မတော်အစိုးရနှင့် စတင်လက်တွဲခဲ့သည့် အချိန်မှ ယနေ့အချိန်အထိ တစ်ခါမျှမကြုံတွေ့ခဲ့ဖူးသေးသည့် နယ်မြေတွင်း ဖွံ့ဖြိုးတိုးတက်မှုများနှင့် တည်ငြိမ်အေးချမ်းမှုများကို ရရှိခံစားလျက်ရှိနေရပါသည်။ တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းမှု ရှိနေသည်မှာလည်း လက်တွေ့ကျသောအတွေ့အကြုံများဖြစ်နေသဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေး အခြေအနေကြောင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို မည်သို့မျှ ထိခိုက်လာစရာအကြောင်းမရှိပါ။

၄။ ထို့ကြောင့် အမေရိကန်အနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂကို အသုံးချပြီး မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို မငြိမ်မသက်ဖြစ်စေခြင်း၊ ပြည်တွင်းရှိ ပြည်သူလူထုများစားဝတ်နေရေးကျပ်တည်းအောင် လုပ်ဆောင်ခြင်း၊ ကုလသမဂ္ဂပဋိညာဉ်စာချုပ်ပါ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို နှောင့်ယှက်စွက်ဖက်ခြင်း စသည်တို့ကြောင့် တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံးအနေဖြင့် အမေရိကန်၏ သွယ်ဝိုက်သော လုပ်ဆောင်ချက်များအပေါ် လက်ခံနိုင်ခြင်းမရှိကြောင်းနှင့် ကန့်ကွက်ရှုတ်ချကြောင်း ထုတ်ပြန်ကြေညာသည်။

ဦးသာထူးကျော်
ဥက္ကဋ္ဌ၊ ဗဟိုဌာနချုပ်
တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့်ဇနီး ဒေါ်နီနီဝင်းမိသားစု၏ နာရေးကူညီမှုအသင်း(ရန်ကုန်)အတွက်အလှူငွေကျပ် ငါးသိန်းကို အသင်းဥက္ကဋ္ဌ ဦးအေးသန့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ အလှူငွေများ လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၆

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် စက်တင်ဘာ ၂၄ရက် မွန်းလွဲ၂နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်ာန်းကျွန်းမြို့နယ် (၁၆)ရပ်ကွက် အပိုင်း(၂)ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ သွားရောက်၍ အလှူငွေများပေးအပ်လှူဒါန်းသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက အလှူငွေများလှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ်သိန်း၂၀၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ငွေကျပ် ၁၅သိန်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဇနီး ဒေါ်နီနီဝင်းတို့ မိသားစုက အလှူငွေကျပ် ငါးသိန်း စုစုပေါင်း ငွေကျပ် သိန်း၄၀ကို ပေးအပ်လှူဒါန်းရာ နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးအေးသန့်က လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် နာရေးကူညီမှုအသင်း တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြောင်းသိရသည်။

(သတင်းစဉ်)

ဒဂုံအထက(၁) အာစရိယပူဇော်မည်

ရန်ကုန် စက်တင်ဘာ ၂၆

ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၅–၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အဆိုပါကျောင်းရှိ ဒဂုံသီရိခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အထက(၁) ဒဂုံမှ ၂၀၀၅–၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် ၆၁ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၇၁ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၇၄ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၆၇ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၇၈ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၁၅ဦးနှင့် ရိုးရိုးအောင်မြင်သူ ၁၈၁ဦးတို့က ပညာထူးချွန်အောင် သင်ကြားပေးခဲ့သော ဆရာ၊ ဆရာမများအား ပူဇော်ကန်တော့ကြမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

တွံ့တေးအရှင်ကုဏ္ဍလက တရားပွဲများ

ရန်ကုန် စက်တင်ဘာ ၂၆

ရန်ကုန်တိုင်းဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၅၁)ရပ်ကွက်၊ မြဝတီမင်းကြီး(၁)လမ်း၊ သိရိမင်္ဂလာမဟာစည်ရိပ်သာ ကျောင်းတိုက်ဆရာတော် တွံ့တေးအရှင်ကုဏ္ဍလက (ဓမ္မကထိက ဗဟုဇနဟိတဓရ) သည် စက်တင်ဘာ၂၈ရက်မှ အောက်တိုဘာ ၂ရက်အထိ ညစဉ်၇နာရီတွင် ရန်ကင်းမြို့နယ်၊ ဓမ္မိက ဓမ္မာရုံ၌လည်းကောင်း၊ ၂၉ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီမှ ၂နာရီအထိ ဒဂုံမြို့သစ်(မြောက်ပိုင်း) သိရိမင်္ဂလာ မဟာစည်ရိပ်သာ၌လည်းကောင်း၊ ယင်းနေ့မွန်းလွဲ ၂နာရီမှ ၃နာရီခွဲအထိ ရန်ကင်းမြို့နယ်မိုးကောင်း အရိယဓမ္မာရုံ၌လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က–ပ)

လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၂၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)က ကြီးမှူးဖွင့်လှစ်သည့် ကြီးကြပ်အဆင့် ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းအမှတ်စဉ်(၁/၂၀၀၆)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်၁၀နာရီခွဲတွင် ရန်ကုန်မြို့ လသာလမ်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွှမ်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အဆိုပါ သင်တန်းသို့ ပြည်နယ်နှင့် တိုင်းများရှိ မြို့နယ်ဘဏ်ခွဲများမှ ကြီးကြပ်အဆင့် ဝန်ထမ်း ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွှမ်း ကြီးကြပ်အဆင့် ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းအမှတ်စဉ်(၁/၂၀၀၆) ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အလကအိုးဘိုကုန်း အာစရိယပူဇော်မည်

ရန်ကုန် စက်တင်ဘာ ၂၆

ပဲခူးတိုင်း ပေါက်ခေါင်းမြို့ အိုးဘိုကုန်းအလက၏ တတိယအကြိမ်သက်ကြီးအာစရိယပူဇော်ပွဲကို အောက်တိုဘာ၁၅ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် လှိုင်းတက်ကျောင်း(ဓမ္မာရုံ)၌ကျင်းပမည်ဖြစ်သည်။ ရပ်ဝေးရပ်နီးနေကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုသူများသည် ရန်ကုန်–အရာခံဗိုလ်သိန်းထွန်း ဖုန်း–၀၁–၂၇၆၁၆၆၊ ဒေါ်သန်းသန်းအေး၊ဒေါ်စန်းစန်းဝင်း (စိန်ရတနာသစ်ဆိုင်၊ အုန်းပင်လမ်းနှင့် ဗိုလ်သူရလမ်းထောင့်၊ ၇၁၊ကြည့်မြင်တိုင်) ဖုန်း–၀၁–၅၂၆၈၉၇၊ ၅၃၆၅၂၇၊ ပေါက်ခေါင်း–ဦးသောင်းတင်၊ရွှေပလောင်ရောင်းဝယ်ရေး ဖုန်း–၀၅၃–၂၄၇၆၈တို့သို့ ဆက်သွယ်လှူဒါန်းကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

(က–ပ)

ဗိုလ်တထောင်မြို့နယ် အထက(၄) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအကျိုးတော်ဆောင် နာယကကြီး ဒုတိယဗိုလ်မှူးကြီးမောင်မောင်စိန်(ငြိမ်း)နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသိန်းတို့က တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် မမေသန္တာစိုးအား ရွှေတံဆိပ်ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အထက(၄)ဗိုလ်တထောင် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၆

ဗိုလ်တထောင်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၂၃ ရက် နံနက်၁၀နာရီတွင် အထက(၄) ဗိုလ်တထောင်ကျောင်း သီရိမာလာခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ဗိုလ်တထောင်မြို့နယ် ပညာရေးမှူး ဆရာကြီး ဦးသက်ရှည်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသိန်းနှင့် ကျောင်းအကျိုးတော်ဆောင်နာယကကြီးဒုတိယဗိုလ်မှူးကြီးမောင်မောင်စိန် (ငြိမ်း) တို့က အမှာစကားပြောကြားသည်။ ထို့နောက် မိဘဆရာအသင်း အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြားအတည်ပြုသည်။

ဆက်လက်၍ ပညာရည်ချွန်ဆုများကိုချီးမြှင့်ရာ ဗိုလ်တထောင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ဇင်၏ဇနီး ဒေါ်နီလာမြင့်၊ မြို့နယ်မှူး ဦးစိုးလွင်ဦး၊ ကျောင်းအုပ်ဆရာမကြီးဒေါ်မြမြသိန်း၊ ကျောင်းအကျိုးတော်ဆောင် နာယကကြီး ဒုတိယဗိုလ်မှူးကြီးမောင်မောင်စိန်(ငြိမ်း)နှင့် တာဝန်ရှိသူများက ခြောက်ဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် ရှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၂ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၀ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင်၁၅ဦး၊ တစ်ဘာသာဂုဏ်ထူးရှင်၃၁ဦးနှင့် အတန်းလိုက် ပညာရည်ချွန်ဆုရသူများ၊ ခွင့်ရက်ပျက်မရှိ ဆရာမများအားလည်းကောင်း ဂုဏ်ပြုဆုနှင့် မှတ်တမ်းလွှာများ ချီးမြှင့်ကြသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်တိုင်း ဒလမြို့နယ် ဗညားဒလရပ်ကွက် ကနောင်လမ်းနေ ဦးကျော်မြင့်-ဒေါ်ခင်ဝင်း၊ သား၊သမီး၊မြေး မိသားစုက အလှူတော်ငွေကျပ် ၁၀၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ (M.A) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အိန္ဒိယနိုင်ငံမဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ဖခင်ကြီး ဦးထွန်းမြင့်-မိခင်ကြီး ဒေါ်လှဒွေး၊ ဦးထွန်းအေးတို့အား ရည်စူး၍ ပဲခူးတိုင်း တောင်ငူမြို့နေ မိခင်ကြီး ဒေါ်ခင်ကြည်အား အမှူးထား၍ ဦးစိန်တိုး-ဒေါ်ကြည်မေရာ (တော်ဝင်လျှပ်စစ်) မိသားစုက အလှူတော်ငွေ ကျပ် ၁၀၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် အရှင်ကုသလ (M.A) ရှေ့မှောက်၌ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၉-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	နိုင်ငံတကာအနုပညာရေးရာ
၇း၃၀	တေးဂီတအစီအစဉ်
၇း၃၅	စားချင်စရာ ငါးချဉ်အရသာ
၇း၅၅	ပြည်တွင်းသတင်းအကျဉ်း
၈း၀၅	Mr & Ms Quench 2006 (ဒုတိယပိုင်း)
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	မိုးလေဝသခန့်မှန်းချက်
၈း၄၅	ဆီစားသုံးခြင်းနှင့် ဝဖြိုးမှုအန္တရာယ်
၈း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၀၀	MRTV-4 စာအုပ်စင်ကဏ္ဍ [(ယဉ်မင်းဦး(ဆေးတက္ကသိုလ်)]
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀	အဆင့်မီ ရော်ဘာဖူးဆက် ပျိုးပင်ရရှိရေး
၉း၄၀	Midweek Sports News
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅	သကြားလုံးစက်ရုံ (ကျောက်ဆည်)
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	ခွာနာလျှာနာရောဂါ ကာကွယ်ပေးပါ
၁၀း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀	ဂန္ထဝင်တေးသံရှင် မောင်မောင်ကြီးနှင့် တွေ့ဆုံခြင်း
၁၁း၁၀	Myanmar Video Rhythm
၁၁း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅	အဲဒီမှာ စတွေ့တာပဲ (မင်းအုပ်စိုး၊ နှင်းဝတ်ရည်သောင်း၊ ငှက်ပျောကြော်၊ မြတ်ကေသီအောင်)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည ၁၁ နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

Champion League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၀း၅၅	Spartak Moscow-Sporting Lisbon	5-Sports(Live)
၁၂း၃၀	Liverpool-Galatasaray	5-Series(Live)
၁း၀၀	Inter Milan-Bayern Munich	5-Sports(Live)

အင်တာနက် အားကစားသတင်းများ

ဘရာဇီးလက်ရွေးစင်အသင်းတွင် ကာဖူး ဆက်လက်ကစားလို

မီလန် စက်တင်ဘာ ၂၆

၂၀၁၀ ပြည့်နှစ်၌ တောင်အာဖရိကနိုင်ငံတွင် ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် မိမိပါဝင်ကစားရန် ရည်မှန်းချက်မရှိတော့သော်လည်း ဘရာဇီးအသင်း၌ လောလောဆယ် ဆက်လက်ကစားသွားရန် လိုလားကြောင်း ဝါရင့်ဘောလုံးသမား ကာဖူးက စက်တင်ဘာ ၂၆ရက်တွင် ပြောကြားလိုက်သည်။

ဘရာဇီးလက်ရွေးစင်အသင်း၏ နောက်တန်းတွင် မိမိရှိနေဆဲဖြစ်သည်ကို တွေ့မြင်ကြရဦးမည်ဖြစ်ကြောင်း အသက် (၃၆)နှစ်အရွယ်ရှိ ကာဖူးက ပြောကြားသည်။ ၎င်းသည် အေစီမီလန်အသင်းတွင် ပါဝင်ကစားနေသူဖြစ်သည်။

ကာဖူးသည် ဘရာဇီးလက်ရွေးစင်အသင်း၏ နိုင်ငံတကာပွဲပေါင်း ၁၄၀တွင် ပါဝင်ကစားခဲ့သူဖြစ်သည်။ ***အင်တာနက်။***

ဘောလုံး ထိန်းချုပ်ယူ

စက်တင်ဘာ ၂၀ရက်က ကျင်းပသည့် စီးရီးအေဘောလုံးပြိုင်ပွဲတွင် အေစီမီလန်အသင်းမှ ကာဖူး(ဝဲ)က အက်စ်ကိုလီအသင်းမှ ဗစ်ကာဘတ်ယန်းစကီးအား ဖြတ်ကာ ဘောလုံးကို ထိန်းချုပ်ရယူစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နယ်သာလန်အသင်းနည်းပြအား ရုဒ်ဗန်နစ္စတယ်လ်ရွိုင်း ဝေဖန်

သည်ဟိဂ် စက်တင်ဘာ ၂၆

နယ်သာလန် လက်ရွေးစင်အသင်းအတွက် ဘောလုံးသမားများ ရွေးချယ်ရာတွင် တိုက်စစ်မှူး ရုဒ်ဗန်နစ္စတယ်လ်ရွိုင်းအား ချန်လှပ်ထားခြင်းအတွက် ၎င်းက နည်းပြ မာကိုဗန်ဘက်စ်တင်အား ဝေဖန်လိုက်ကြောင်း စက်တင်ဘာ ၂၆ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

အသက် (၃၀)အရွယ်ရှိ ရီးယဲလ်မဒရစ် တိုက်စစ်မှူး နစ္စတယ်လ်ရွိုင်းသည် လက်ရွေးစင်ဘောလုံးအသင်းအတွက် ပြန်လည်ရွေးချယ်ခံရခြင်း မရှိပေ။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဒုတိယအဆင့်ပွဲစဉ်၌ နယ်သာလန်အသင်းသည် ပေါ်တူဂီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် လက်ရွေးစင်အသင်းပြန်လည်ဖွဲ့စည်းရာတွင် နည်းပြ ဗန်ဘက်စ်တင်က နစ္စတယ်လ်ရွိုင်းအား ချန်လှပ်ထားခြင်း ဖြစ်သည်။

နည်းပြ ဗန်ဘက်စ်တင်သည် ဘောလုံးအားကစားဆိုင်ရာ မှတ်ကျောက်များအရ လူရွေးချယ်ခြင်း မဟုတ်ကြောင်း ယင်းမှာ ၎င်းအတွက် ရှက်စရာကောင်းကြောင်း နစ္စတယ်လ်ရွိုင်းက ဝေဖန်သည်။

နစ္စတယ်လ်ရွိုင်းသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ထူးထူးခြားခြား ဂိုးသွင်းနိုင်ခြင်းမရှိခဲ့ပေ။ နယ်သာလန်အသင်းက အိုင်ဗရီကို့စ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောပွဲတွင်သာ တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ***အင်တာနက်။***

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ဘော်လ်တန်အသင်း အနိုင်ရ

လန်ဒန် စက်တင်ဘာ ၂၆

အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲကို တနင်္လာနေ့က ဆက်လက်ကျင်းပရာတွင် ဘော်လ်တန်အသင်းက ပို့စ်မောက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

အင်္ဂလန်နိုင်ငံ ပို့စ်မောက်မြို့ရှိ ဖရက်တန်ပါ့ခ် ဘောလုံးကွင်းတွင်ကျင်းပသည့် ယင်းပွဲ၌ ဘော်လ်တန်အသင်းမှ ကီဗင်နိုလန်က ပွဲချိန် ၂၂ မိနစ်တွင် မြေမကျဘော ကန်သွင်းကာ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလနောက်ပိုင်း ၎င်း၏အသင်းကို အဝေးကွင်း၌ ပထမဆုံးအကြိမ် အနိုင်ရရှိ စေခဲ့သည်။ ပို့စ်မောက်အသင်း၏ ပြစ်ဒဏ်ဘောဧရိယာအပြင်ဘက်တွင် ယင်းအသင်းမှ လင်းဗ့်ပရီမက်စ်က ခေါင်းတိုက်ဖျက်ထုတ်ရာမှ ရောက်ရှိလာသည့် ဘောလုံးကို နိုလန်က ကန်သွင်းနိုင်ခဲ့ခြင်းဖြစ်သည်။

ပို့စ်မောက်အသင်းမှ ဆိုးလ်ကမ့်ဘဲလ်နှင့် ဆန်းဒေးဗစ်တို့ ဂိုးသွင်းခွင့်များ ရရှိခဲ့သော်လည်း အလွဲလွဲအချော်ချော် ဖြစ်ခဲ့ကြသည်။ ***အင်တာနက်။***

စက်တင်ဘာ ၂၄ရက်က ကျင်းပသည့် စီးရီးအေဘောလုံးပြိုင်ပွဲတွင် အေအက်စ်ရိုးမားအသင်းမှ တိုက်စစ်မှူး တော်တီ(ဝဲ)နှင့် ပါးမားအသင်းမှ ကက်စတယ်လင်နီတို့အား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တိုက်စစ်မှူး တော်တီကို အလေးထားရန် ဗလင်စီယာမှ အယာလာပြောကြား

မဒရစ် စက်တင်ဘာ ၂၆

ဗုဒ္ဓဟူးနေ့တွင်ကျင်းပမည့် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲတွင် ရိုးမားအသင်းမှ တိုက်စစ်မှူး ဖရန်ဆက်စကိုတော်တီအား ထိန်းချုပ်ထားနိုင်မည်ဆိုပါက မိမိတို့အသင်းအောင်ပွဲခံရန် အလားအလာ ကောင်းလိမ့်မည်ဖြစ်ကြောင်း စပိန်နိုင်ငံမှ ဗလင်စီယာအသင်း၏ နောက်တန်းလူ ရော်ဘတ်တိုအယာလာက စက်တင်ဘာ ၂၆ရက်တွင် ပြောကြားလိုက်သည်။

ရိုးမားအသင်းသည် တော်တီ၏ ဖန်တီးနိုင်မှုစွမ်းပကားပေါ်တွင် တည်မှီနေကြောင်း၊ ၎င်း၏ ကစားကွက်များကို ချေဖျက်နိုင်လျှင် ဗလင်စီယာအသင်း အနိုင်ရမည်မှာ သေချာကြောင်း အာဂျင်တီးနားလူမျိုး ဘောလုံးသမား ရော်ဘတ်တိုအယာလာက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလက ကျင်းပခဲ့သော ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲတွင် အီတလီတိုက်စစ်မှူး တော်တီ၏ ထိရောက်သော ကစားကွက်များကို ရော်ဘတ်တိုအယာလာက နဖူးတွေ့ဒူးတွေ့ တွေ့မြင်ခဲ့ဖူးသည်။ ယင်းပွဲတွင် ရိုးမားအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ***အင်တာနက်။***

ကမ္ဘာ့ဆရာများနေ့အကြို ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၆

မွန်ပြည်နယ် မုဒုံမြို့နယ် ပညာရေးမှူးရုံးနှင့် အခြေခံပညာမူလတန်းကျောင်းအုပ်စု ၁၀စုတို့မှ အငြိမ်းစား ယူသွားကြသော ဆရာ၊ ဆရာမကြီး ၁၁၂ဦးအား ကမ္ဘာ့ဆရာများနေ့အကြို ပူဇော်ပွဲကို အောက်တိုဘာ ၄ရက်တွင် မုဒုံမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ရပ်ဝေးရပ်နီးမှ တပည့်ဟောင်းများ၊ လှူဒါန်းလိုသူများသည် မုဒုံမြို့နယ် ပညာရေးမှူးရုံး ဖုန်း-၀၅၇-၇၀၀၄၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ (က-ပ)

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မိုးရာသီတာဝေးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၆

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မိုးရာသီ တာဝေး အမျိုးသား ကီလိုမီတာ ၁၂၀ နှင့် အမျိုးသမီး ကီလိုမီတာ ၈၀ စက်ဘီးပြိုင်ပွဲကို စက်တင်ဘာ ၃၀ ရက်(စနေနေ့) နံနက်ပိုင်းတွင် ရန်ကုန်-ပဲခူးလမ်းမတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)မှ နံနက် ၆ နာရီတွင် စတင်တာလွှတ်၍ ဝေဇယန္တာလမ်း၊ပါရမီလမ်း၊ ကမ္ဘာအေးဘုရားလမ်း၊ ရှစ်မိုင်လမ်းဆုံ၊ ပြည်လမ်း၊ စော်ဘွားကြီးကုန်း၊ ထောက်ကြန့်လမ်းဆုံမှ ပဲခူးလမ်းအတိုင်း၊ ပဲခူးမြို့အနီး ကျွန်းအဆုံးထိပ်မှ ပြန်လှည့်ကာ ထောက်ကြန့် တိုးဂိတ်အနီး ပန်းဝင်ကြရမည်ဖြစ်သည်။

အမျိုးသမီးပြိုင်ပွဲကို အင်းတကော်အကျော် (၇၇)ကုန်းမှ ပြန်လှည့်ကာ ထောက်ကြန့် တိုးဂိတ်တွင် ပန်းဝင်ကြရမည် ဖြစ်သည်။ ပြိုင်ပွဲဝင်လိုသူများသည် စက်တင်ဘာ ၂၉ ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဇော်မြင့်ထံသို့ အမည်စာရင်းများ ပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

နှစ်ထပ်တိုက်ကျောင်း ရေစက်ချမင်္ဂလာ

ရန်ကုန် စက်တင်ဘာ ၂၆

ရန်ကုန်တိုင်း ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် အောင်သီတာလမ်းရှိ မင်းနန္ဒာစာသင်တိုက်၌ အများစုပေါင်း၍ ဆောက်လုပ်လှူဒါန်းထားသော နှစ်ထပ်တိုက် ကျောင်းတော်ကြီး ရေစက်ချအလှူမင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၆ရက်(သောကြာနေ့) မွန်းလွဲ၂နာရီတွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များအား ဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)



ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် သံဃာတော်အပါး ၉၀တို့အား ငွေကျပ် ၁၆သိန်း တန်ဖိုးရှိ စာအုပ် ၁၅၅၈အုပ် လှူဒါန်းပွဲကို စက်တင်ဘာ ၂၁ရက်က (၈၈)ရပ်ကွက်ရှိ သဟပုညကာရီ ဓမ္မာရုံတွင် ကျင်းပရာ ရပ်ကွက် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသိန်းနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များတက်ရောက်ကြပြီး စာအုပ်များကို ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာ့ရုပ်ရှင်နေ့နှင့် ရုပ်ရှင်သက်ကြီးပူဇော်ပွဲ ဓာတ်နာရှင်များပါဝင်လှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၂၆

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကြီးမှူး၍ မြန်မာ့ရုပ်ရှင်နေ့ ဖွင့်ပွဲကို အောက်တိုဘာ ၈ ရက် နံနက် ၉နာရီတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ ကျင်းပမည်ဖြစ်သည်။ မြန်မာ့ရုပ်ရှင်နေ့ ဖွင့်ပွဲနှင့်အတူ ရုပ်ရှင်သက်ကြီးပူဇော်ပွဲအခမ်းအနားကိုပါ ထိုနေ့၌ တစ်ပေါင်းတည်း ကျင်းပမည်ဖြစ်သည်။

မြန်မာ့ရုပ်ရှင်နေ့ စာတမ်းဖတ်ပွဲကို အောက်တိုဘာ ၁၃ရက်တွင် ရုပ်ရှင်အသိပညာရှင်၊ အနုပညာရှင်များက ဖတ်ကြားကြမည်ဖြစ်ပြီး ပြန်လည်ဆန်းသစ်ထားသော **"မေတ္တာနှင့်အသူရာ"** ဇာတ်ကားကိုလည်း ပြသမည်ဖြစ်သည်။

အဆိုပါ မြန်မာ့ရုပ်ရှင်နေ့နှင့် ရုပ်ရှင်သက်ကြီးပူဇော်ပွဲသို့ ပါဝင်လှူဒါန်းလိုသည့် ဓာတ်နာရှင်များသည် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သက်ဆိုင်ရာမှ နှိုးဆော်ထားသည်။

(သတင်းစဉ်)

ပိုဇိုလန်အကြောင်း ဟောပြောဆွေးနွေးမည်

ရန်ကုန် စက်တင်ဘာ ၂၆

ပိုဇိုလန်(Pozzolan)(သို့)အကြီးစားဆောက်လုပ်ရေးလုပ်ငန်းသုံး ဘိလပ်မြေအားဖြည့် မီးတောင်ပြာကျောက် ရှာဖွေခြင်းနှင့် အသုံးချခြင်းအကြောင်း ဟောပြောဆွေးနွေးပွဲကို စက်တင်ဘာ ၃၀ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ၌ကျင်းပမည်ဖြစ်ရာ ဘူမိဗေဒပညာရှင် ဦးဝင်းမောင်(တွင်းစားရေနံကုမ္ပဏီ)က ဟောပြောမည်ဖြစ်၍ အသင်းသားများ၊ အင်ဂျင်နီယာပညာရှင်များနှင့် စိတ်ပါဝင်စားသူများတက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အကောက်ခွန်ဦးစီးဌာန အမှုထမ်းရာထူးနေရာများ အရည်အချင်းစစ်စာမေးပွဲ စစ်ဆေးခြင်း

၁။ အကောက်ခွန်ဦးစီးဌာန အမှုထမ်းရာထူးနေရာ လျှောက်လွှာတင်သွင်း ထားသူများအနက် အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုခွင့်ရသူများ၏ အမည်စာရင်းနှင့် ခုံအမှတ်စာရင်းကို (၂၈-၉-၂၀၀၆)နေ့တွင် အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ ရန်ကုန်မြို့၌ ကြေညာထားမည်ဖြစ်သည်။

၂။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို (၂၈-၉-၂၀၀၆)နေ့မှစတင်၍ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့်အတူ နိုင်ငံသားစိစစ်ရေးလက်မှတ်(မူရင်း) တင်ပြ၍ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်) စီမံရေးရာဌာန၌ ထုတ်ယူနိုင်သည်။

၃။ အရည်အချင်းစစ်စာမေးပွဲကို (၇-၁၀-၂၀၀၆)နေ့တွင် ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ အောက်ပါအတိုင်း ဖြေဆိုရမည်-

(က) သင်္ချာ ၀၉း၀၀ နာရီမှ ၁၁း၀၀ နာရီအထိ။

(ခ) အင်္ဂလိပ်စာ ၁၃း၀၀ နာရီမှ ၁၅း၀၀နာရီအထိ။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ ဖြေဆိုခွင့်ကတ်ပြားနှင့် နိုင်ငံသား စိစစ်ရေးလက်မှတ်တစ်ပါတည်း ယူဆောင်လာရမည်။ တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ ရေးဖြေစာမေးပွဲ အောင်မြင်သူများစာရင်းကို (၁၈-၁၀-၂၀၀၆)နေ့တွင် အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၌ကြေညာမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းအတွက် နေ့ရက်၊ အချိန်၊ နေရာတို့ကိုပါ ထည့်သွင်းကြေညာမည်ဖြစ်သည်။

အကောက်ခွန်ဦးစီးဌာန

ဦးကိုကို [၁၂/မဂတ(နိုင်)၀၇၉၃၅၉] နှင့် အများသိစေရန် ကြေညာချက်

ဒေါ်နုနု + ၄၇ ဦးနှင့် ၎င်းတို့၏ အမွေစားအမွေခံများ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးဘသိန်း +၅၅ ဦး အမည်ပေါက်ပိုင်ဆိုင်သော ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃၊ မြေကွက်အမှတ်-၄/ခ၊ ဧရိယာ ၃ ဒသမ ၇၅၄၁ ဧက၊ မြေကွက်အမှတ်-၁၂/ခ၊ ဧရိယာ ၁ ဒသမ ၇၂၂ ဧက၊ မြေတိုင်းရပ်ကွက်အမှတ်-၄၄၊ မြေကွက်အမှတ်-၇/ယ၊ ဧရိယာ ၁၅ ဒသမ ၄၀၆ ဧက၊ မြေကွက်အမှတ်-၇/ခ၊ ဧရိယာ ၆ ဒသမ ၉၉၅ ဧက၊ မြေကွက်အမှတ်-၈၊ ဧရိယာ ၃ ဒသမ ၄၈၈ ဧက၊ စုစုပေါင်း ၃၁ ဒသမ ၇၄ ဧကရှိ မြေပိုင်မြေများကို ကျွန်ုပ်တို့၏ အမှုသည်များထံမှ ဦးကိုကိုက အပြီးအပိုင်ဝယ်ယူရန် (၃၁-၇-၂၀၀၂)နေ့စွဲပါ မြေပိုင်မြေ အပြီးအပိုင်အရောင်းအဝယ် သဘောတူ ကတိစာချုပ်ကို ချုပ်ဆို၍ စရန်ငွေပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

သို့ရာတွင် အဆိုပါ ကတိစာချုပ်၌ သဘောတူညီထားချက်အတိုင်း ဦးကိုကိုက ဆောင်ရွက်ရန် ကိစ္စရပ်များအား ဆောင်ရွက်ခြင်းမပြု၍ အခြေအနေတစ်စုံတစ်ရာ တိုးတက်မှုမရှိသည့်အပြင် ကျန်ငွေများကိုလည်း စာချုပ်ပါနေ့ရက်အတိုင်း ဆက်လက်ပေးချေခြင်း မပြုတော့သဖြင့် (၃၁-၇-၂၀၀၂)နေ့စွဲပါ မြေပိုင်မြေ အပြီးအပိုင် အရောင်းအဝယ် ကတိစာချုပ်နှင့် ဦးကိုကိုအား လွှဲအပ်ပေးထားသော အထူးကိုယ်စားလှယ် လွှဲစာ ၃၅စောင်တို့ကို (၂၃-၈-၂၀၀၆)နေ့တွင် အကြောင်းကြား(နို့တစ်)စာပေးပို့ဖျက်သိမ်းပြီးဖြစ်ကြောင်းနှင့် တရားစွဲဆိုရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
ဦးဇော်မြင့်(မြိတ်)နှင့်အဖွဲ့

ဦးဇော်မြင့်(မြိတ်)	**ဦးထွန်းသာမောင်**	**သင်းကြူစိုး**
B.A (Law), LL.B	**LL.B**	**LL.B., LL.M**

တရားရုံးချုပ်ရှေ့နေများ
အမှတ်(၅၅)၊ အခန်း(၂၃)၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၇၂၈၀၄၊ ၀၉-၅၀-၀၈၄၄၅၊ ၀၉-၅၀-၁၆၃၅၂

ကွယ်လွန်သူ ဒေါ်လှိုင်အားရည်စူး၍ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အနော်ရထာလမ်းနေ အစ်မကြီး ဒေါ်လှမြင့်၊ ဦးစိန်ဝင်း-ဒေါ်ဟန်ကြည်၊ သမီး မဝင်းဝင်းကြည်၊ မယုံအင်း မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ-နိ (ရန်ကုန်ဌာန) ဒုတိယဥက္ကဋ္ဌ ဆရာကြီး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။(ကြေးမုံ)

အမည်ပြောင်းခြင်း

အဖ ဦးချိုချို၏သား အထက-၃ ရွှေပြည်သာ ဒသမတန်း (B) မှ မောင်ဘိုဘိုဖူးအား မောင်ကျော်ဇင်သန့် ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ကျော်ဇင်သန့်

ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်

- ပေ၂၀ x ပေ ၆၀ ခြောက်လွှာ ရေ/မီး A/C ပြင်ဆင်ပြီး ဗိုလ်အောင်ကျော်လမ်း

- ၁၂ပေခွဲ x ပေ ၅၀ မြေညီ/ပ-ထပ် ကိုယ်ပိုင် ရေ၊ မီး၊ ဖုန်းပါ ဒေါ်သိန်းတင်လမ်း

ဆက်သွယ်ရန်-ဖုန်း ၇၁၀၂၇၁

မီးဘေးရှောင် မလောင်ခင်တား

အမက(၃၀) လှိုင် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာ အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ၂၄ ရက်က ကျင်းပရာ (Grade-1) မှ သင်္ချာနှင့် အင်္ဂလိပ်ဘာသာ ထူးချွန်ဆုရ မောင်ဝင်းအောင်တင့်အား မြို့နယ်ပညာရေးမှူး ဒေါ်မြင့်ရီ ဆုချီးမြှင့်စဉ်။

(ပညာရေး)

S & S CURTAIN

ခန်းဆီးကန့်လန့်ကာ (Vertical Blind) အလှဆင်လုပ်ငန်း
Super Service (ကိုအန်းကူ 09-99-23351, 09-50-16211)
Address: (1) No.133, 1st Floor. 18th Street, Latha Township, Yangon, Myanmar. Tel:951-371502
(2) No.117/119.2nd Floor,18th Street,Latha Township, Yangon, Myanmar.
ပိတ်စများကို လက်လီလက်ကား ရနိုင်သည်

ဘိုးရတနာသောက်ရေသန့်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

မကွေးမြို့၊အောင်မေတ္တာရပ်ကွက်၊ဇက်ဆိပ်လမ်း၊အမှတ်(၁၀၈)နေ ဘိုးရတနာစက်မှုလုပ်ငန်းကုမ္ပဏီ လီမိတက်(ကုမ္ပဏီမှတ်ပုံတင်အမှတ်-၇၅၃/၂၀၀၀-၂၀၀၁) မန်နေးဂျင်းဒါရိုက်တာ ဦးမျိုးမြင့်လှ (MBU- ၀၀၆၅၂၁)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ ဘိုးရတနာကုန်အမှတ်တံဆိပ်အမည်အမှတ်အသားတို့ကို စာချုပ်စာတမ်းမှတ်ပုံတင် အမှတ်-၁၉၆/၁၉၉၉၊၁၉၇/၁၉၉၉၊ ၃၂၆/၂၀၀၆ တို့ဖြင့်လည်းကောင်း တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုရန် မကွေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။ ဘိုးရတနာ သောက်ရေသန့်ကို ကျန်းမာရေးဦးစီးဌာန အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက် (အမှတ်-စ ၁/၀၁၀၈၈/ထလ)လက်မှတ်ကို ရယူလျက် ၁-၁-၂၀၀၂နေ့မှစတင်ပြီး မြန်မာနိုင်ငံ တစ်ဝန်းလုံးသို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။ ဘိုးရတနာသောက်ရေသန့်ကို အများပြည်သူများ သိရှိစေရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ မြန်မာ့အလင်းနှင့် ကြေးမုံ သတင်းစာကြော်ငြာအချပ်ပိုတို့တွင်လည်း ထည့်သွင်းကြော်ငြာခဲ့ပါသည်။ မကြာမီက မကွေးမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ရန်ကင်း၊တောင်တွင်းကြီးလမ်း၊အမှတ် A (၅၆)ရှိ ပုလဲရွှေရည်သောက်ရေသန့် လုပ်ငန်းမှ ဘိုးရတနာတံဆိပ်အမည်အမှတ်အသားပါသည့် ဘိုးရတနာသောက်ရေသန့် 20 Litre ဘူးကြီးများတွင် ဘိုးရတနာသောက်ရေသန့်ဟု ထင်ယောင်ထင်မှားဖြစ်အောင် ၎င်းတို့၏သောက်ရေသန့်များ ထည့်ကာ၊ အဖုံး (Cap)နှင့် ဘုံပိုင်ခေါင်း(Tap)တို့အပေါ်တွင် ပုလဲရွှေရည်သောက်ရေသန့်ဟု အင်္ဂလိပ် စာလုံးပါသည့် ပလတ်စတစ်အရှုံ့(Shrink)များကို ဘိုးရတနာတံဆိပ်အစား၊ အစားထိုးကပ်နှိပ်၊ရိုက်နှိပ်ပြီး၊ကပ်နှိပ်၍ ဈေးကွက်၌ဖြန့်ဖြူးရောင်းချသည်ကိုတွေ့ရှိရ၍ ရေသန့်လုပ်ငန်း တာဝန်ခံနှင့် စက်ရုံမှူးတို့နှစ်ဦးက နောက်နောင်တွင် လုံးဝ မပြုလုပ်တော့ပါကြောင်း၊ ၁၁-၉-၂၀၀၆ နေ့က မကွေးမြို့၊ အောင်မင်္ဂလာရပ်ကွက် ရယကရုံးတွင် ကတိခံဝန်ချက်များပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ ဘိုးရတနာသောက်ရေသန့် အရည်အသွေးနှင့် ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားတို့ကို ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်းအစရှိသည်တို့၌လည်း အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး ပြုလုပ်ပြီးဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍၊ အသားတံဆိပ်ပြုလုပ်၍၊ မကွေးမြို့နှင့်တကွ ပြည်ထောင်စု မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ဆက်လက်ထုတ်လုပ် ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မိမိတစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသော ဘိုးရတနာကုန်အမှတ်တံဆိပ် အမည်အမှတ်အသားတို့ကိုလည်းကောင်း၊ သောက်ရေသန့်ကိုလည်းကောင်း အခြားမည်သူတစ်ဦးတစ်ယောက်မှ ဖြစ်စေ၊ ကုမ္ပဏီတစ်ခုခု (သို့) အဖွဲ့အစည်းတစ်ခုခုမှဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှား၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား ပြုလုပ်ခြင်း၊ တုပပြုလုပ်ခြင်း၊ သုံးစွဲခြင်း၊ မြို့ရွာများတွင် လိုက်လံဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိသိုလှောင်ခြင်း ထုတ်လုပ်ခြင်း၊ ကြော်ငြာခြင်း၊ ဖြန့်ချိခြင်း၊ အခြားတစ်နည်းနည်းဖြင့် အသုံးပြုခြင်း၊ လုပ်ငန်းနှင့်ပိုင်ရှင်ကို နစ်နာအောင်ပြောဆိုပြုမူ လုပ်ကိုင်ခြင်းများ လုံးဝမပြုလုပ်ရန် သတိပေးကြေညာအပ်ပါသည်။

ဤသတိပေးကြေညာချက်အား တစ်နည်းနည်းဖြင့် ဖောက်ဖျက်ကျူးလွန်ပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ တရားစွဲဆိုအရေးယူသွားမည့်အပြင် မိမိ၏ ထိခိုက်နစ်နာဆုံးရှုံးမှုအတွက် နစ်နာကြေးများကိုပါ တောင်းခံရယူမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်စိုး(အယ်လ်အယ်လ်ဘီ)
တရားရုံးချုပ်ရှေ့နေ(စဉ်-၃၅၂၉)
အမှတ်(၁၀)ရပ်ကွက်၊
အထက်မင်းလှမြို့၊ မကွေးတိုင်း။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများ လှည့်လည်စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

လှည့်လည်စစ်ဆေး

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် နံနက် ၆နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ် ဈေးမြောက်လမ်းရှိ ပန်တျာကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ ရောက်ရှိရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ➪**

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေ စမ်းချောင်းမြို့နယ် ဟံသာဝတီ ကိုယ်တိုင် ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ယနေ့မိုးလေဝသ

၂၇-၉-၂၀၀၆

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

အမေရိကန်ကိုယ်စားလှယ်၏ တင်ပြမှုကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံအခြေအနေခေါင်းစဉ်ဖြင့် ဆွေးနွေးရန် ဆုံးဖြတ်ချက်ချခဲ့ခြင်းသည် ဒို့တာဝန်အရေးသုံးပါးနှင့်သွေဖည်နေ၍ ပျက်စီးရာပျက်စီးကြောင်း ကြံရွယ်လုပ်ဆောင်ခြင်း ပြီးမြောက်အောင်မြင်တော့မည့် အမျိုးသားညီလာခံနှောင့်နှေးကြန့်ကြာရန် လုပ်ဆောင်ခြင်းဖြစ် ရရှိပြီးသော တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ ဒီမိုကရေစီဖော်ဆောင်မှုတို့ကို ပျက်စီးစေမည့်ကြံရွယ်လုပ်ဆောင်ခြင်း၊ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် ဟန့်တားခြင်းဖြစ်

တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး(DKBA) သဘောထားထုတ်ပြန်ကြေညာ

နေပြည်တော် စက်တင်ဘာ ၂၆

မြန်မာနိုင်ငံ အရေးကိစ္စကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး (DKBA) က သဘောထားထုတ်ပြန်ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ သဘောထားထုတ်ပြန်ကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး (DKBA)၏
သဘောထားထုတ်ပြန်ကြေညာချက် (၁/၂၀၀၆)

၁။ ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် အမေရိကန်နိုင်ငံ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်၏ တင်ပြမှုကြောင့် မြန်မာနိုင်ငံအား ဒေသတွင်း တည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်နိုင်သဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံအခြေအနေခေါင်းစဉ်ဖြင့် ဆွေးနွေးရန် ဆုံးဖြတ်ချက်ချခဲ့ကြောင်း သိရှိရပါသည်။

၂။ ဤဆုံးဖြတ်ချက်သည် အမေရိကန်အနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂကို အသုံးချပြီး

(က) **မြန်မာနိုင်ငံ၏ ဒို့တာဝန်အရေးသုံးပါးဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော မူဝါဒနှင့် သွေဖည်နေသည်ဖြစ်၍ ပျက်စီးရာပျက်စီးကြောင်း တမင်ကြံရွယ်လုပ်ဆောင်ခြင်းဖြစ်သည်ဟု ယူဆသည်။**

(ခ) **လမ်းစဉ် (၇) ရပ်အရ နိုင်ငံတော်၏ လူထုလူတန်းစားအသီးသီးတို့ကို အခြေခံပြီး ကျင်းပပြုလုပ်နေသည့် ပြီးမြောက်အောင်မြင်တော့မည့် အမျိုးသားညီလာခံအပေါ် နှောင့်နှေးကြန့်ကြာစေရန် လုပ်ဆောင်နေခြင်းဖြစ်သည်ဟု ယူဆသည်။**

(ဂ) **နိုင်ငံတော်၏ ရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ ဒီမိုကရေစီဖော်ဆောင်မှုတို့ကို ယိုယွင်းပျက်စီးစေမည့် ကြံရွယ်လုပ်ဆောင်မှုဖြစ်သည်သာမက ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရာတွင် နှောင့်ယှက်ဟန့်တားမှုဖြစ်သည်ဟု ယူဆသည်။**

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❑